# အာဆီယံ စီးပွားရေး အသိုက်အဝန်းပုံစံ

# ASEAN ECONOMIC COMMUNITY BLUEPRINT












အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

# အာဆီယံ စီးပွားရေး အသိုက်အဝန်းပုံစံ

# ASEAN ECONOMIC COMMUNITY BLUEPRINT

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

# ၁။ နိဒါန်း (Introduction)

၁။ အာဆီယံခေါင်းဆောင်ကြီးများသည် ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလတွင် ကွာလာလမ်ပူမြို့၌ ကျင်းပခဲ့သည့် ထိပ်သီးအစည်းအဝေးတွင် အာဆီယံအားတည်ငြိမ်သော၊ အောင်မြင်ကြွယ်ဝသော၊ ယှဉ်ပြိုင်မှုစွမ်းအားမြင့်မားသော၊ အချိုးညီညီစီးပွားရေးဖွံ့ဖြိုးတိုးတက်သော၊ ဆင်းရဲနွမ်းပါးမှုနှင့် လူမှုစီးပွားရေးကွာခြားမှုနည်းပါးသော ဒေသကြီးဖြစ်လာရန် အာဆီယံ၏မျှော်မှန်းချက် ၂၀၂၀ (ASEAN Vision 2020) တွင် ကြေငြာခဲ့ပါသည်။

၂။ ၂၀၀၃ ခုနှစ်၊ ဘာလီထိပ်သီးအစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်ကြီးများမှ အာဆီယံ စီးပွားရေးအသိုက်အဝန်းကို ၂၀၂၀ ခုနှစ်တွင် ဒေသဆိုင်ရာ စီးပွားရေးပေါင်းစည်းမှု (ဘာလီကွန်ကော့-၂) ၏ အဓိက ရည်မှန်းချက်အဖြစ် ကြေငြာခဲ့ပါသည်။ ထို့အပြင် အာဆီယံ လုံခြုံရေး အသိုက်အဝန်း၊ အာဆီယံ လူမှုယဉ်ကျေးမှု အသိုက်အဝန်းတို့အား အာဆီယံအသိုက်အဝန်း၏ အခြားမဏ္ဍိုင် နှစ်ခုအဖြစ်လည်း ဖော်ပြခဲ့ပါသည်။ အာဆီယံအသိုက်အဝန်းကို ၂၀၂၀ ခုနှစ်တွင် ထူထောင်ရေးအတွက် ကျန်မဏ္ဍိုင်ကြီး (၃) ခုကို ဟန်ချက်ညီညာစွာ ဆောင်ရွက်သွားရန် မျှော်မှန်းပါသည်။

၃။ တဆက်တည်းမှာပင် ၂၀၀၆ ခုနှစ်၊ ဩဂုတ်လအတွင်းက မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ ကျင်းပခဲ့သည့် အာဆီယံ စီးပွားရေးဝန်ကြီးများ အစည်းအဝေးတွင် အာဆီယံစီးပွားရေးအသိုက်အဝန်းကို တစ်ခုတည်းနှင့် သဟဇာတဖြစ်သည့်ပုံစံဖြင့် ဖော်ထုတ်ရာ၌ အာဆီယံ စီးပွားရေးအသိုက်အဝန်းကို ဘာလီကွန်ကော့-၂နှင့်အညီ ၂၀၁၅ ခုနှစ်တွင် အကောင်အထည်ဖော်ရန်အတွက် သွင်ပြင်လက္ခဏာများနှင့် အချက်အလက်များကို ရှင်းလင်းသည့်ရည်မှန်းချက်များ၊ အချိန်ဇယားများဖြင့်ဖော်ပြလျက် ကြိုတင်သဘောတူထားသည့် ဖြေလျော့မှုများ (pre-agreed flexibilities) အပါအဝင် အာဆီယံ အဖွဲ့ဝင်နိုင်ငံများ အားလုံးစိတ်ဝင်စားသည့် ကိစ္စရပ်များကို ဖော်ပြရန် သဘောတူခဲ့ပါသည်။

၄။ (၁၂) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးတွင် ခေါင်းဆောင်ကြီးများက အာဆီယံ မျှော်မှန်းချက် ၂၀၂၀ (ASEAN Vision 2020) နှင့် အာဆီယံကွန်ကော့-၂ (ASEAN Concord-2) တို့တွင် ရည်မှန်းထားသည့်အတိုင်း အာဆီယံအသိုက်အဝန်းတည်ထောင်မှုကို ရှေ့တိုး၍ ၂၀၁၅ ခုနှစ်တွင် တည်ထောင်ရန် ထပ်မံ ကတိကဝတ် ပြုခဲ့ပြီး၊ စီဘူးကြေငြာချက်ကို လက်မှတ်ရေးထိုးခဲ့ပါသည်။ အထူးသဖြင့် နိုင်ငံ့ခေါင်းဆောင်ကြီးများမှ အာဆီယံစီးပွားရေးအသိုက်အဝန်းကို ၂၀၁၅ ခုနှစ်တွင် တည်ထောင်နိုင်ရန်အတွက် တွန်းအားပေးရန်နှင့် အာဆီယံဒေသကို ကုန်စည်များ၊ ဝန်ဆောင်မှုများ၊ ရင်နှီးမြှုပ်နှံမှုနှင့် ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာရွှေ့ပြောင်းနိုင်ရန်နှင့် ငွေအရင်းအနှီးများ ပိုမိုလွတ်လပ်စွာစီးဆင်းနိုင်သည့် ဒေသဖြစ်ရန် သဘောတူခဲ့ပါသည်။

# ၂။ သွင်ပြင်လက္ခဏာများ (Characteristics and Elements of AEC)

၅။ အာဆီယံစီးပွားရေးအသိုက်အဝန်းသည် အာဆီယံရည်မှန်းချက် ၂၀၂၀ ပါ စီးပွားရေး ပေါင်းစည်းမှု၏ အန္တိမရည်မှန်းချက် ဖြစ်ပါသည်။ အာဆီယံနိုင်ငံများအားလုံး၏ အကျိုးစီးပွားအတွက် လက်ရှိဆောင်ရွက်ချက်များနှင့် အသစ်ဆောင်ရွက်မည့် အစီအစဉ်များကို တိကျသော အချိန်ကာလ သတ်မှတ်ချက်များဖြင့် ဆောင်ရွက်သွားခြင်းမှတစ်ဆင့် စီးပွားရေးပေါင်းစည်းမှုကို ပို၍နက်ရှိုင်းကျယ်ပြန့် စေရေးကို အခြေခံပါသည်။ အာဆီယံ စီးပွားရေးအသိုက်အဝန်းကို ထူထောင်ရာတွင် အာဆီယံအနေဖြင့် ပွင့်လင်း၍

ပြင်ပရှုမျှော်သော (outward-looking) နိုင်ငံစုံစည်းမျဉ်းများနှင့် ကိုက်ညီပြီး စီးပွားရေးဆိုင်ရာ ကတိကဝတ်များ အကောင်အထည်ဖော်ရာ၌ အကျိုးရှိစေသည့် စည်းမျဉ်း၊ အခြေခံစနစ်များ (rules-based system) ပါဝင်သည့် ဈေးကွက်စီးပွားရေးနှင့်အညီ ဆောင်ရွက်ရန် ဖြစ်ပါသည်။

၆။ အာဆီယံစီးပွားရေးအသိုက်အဝန်းသည် အာဆီယံကို တစ်ခုတည်းသော ဈေးကွက်နှင့် ထုတ်လုပ်မှုအခြေခံဒေသအဖြစ် ထူထောင်မည် ဖြစ်ပြီး၊ အာဆီယံကို ပိုမိုတိုးတက်၍ ယှဉ်ပြိုင်နိုင်မှု ရှိစေရန်အတွက် လက်ရှိစီးပွားရေး ညှိနှိုင်းမှုများအကောင်အထည်ဖော်မှုတွင် ယန္တရားအသစ်များ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ခြင်း၊ ဒေသအတွင်း ဦးစားပေးကဏ္ဍများပေါင်းစည်းမှုကို အရှိန်မြှင့်တင်ခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များ ကျွမ်းကျင်လုပ်သားနှင့် အတတ်ပညာရှင်များ လွယ်ကူစွာသွားလာ နိုင်ခြင်းနှင့် အာဆီယံ၏ ဖွဲ့စည်းမှုပိုမိုခိုင်မာ စေခြင်းတို့ဖြင့် ဆောင်ရွက်မည် ဖြစ်ပါသည်။ အာဆီယံအနေဖြင့် အာဆီယံစီးပွားရေး အသိုက်အဝန်း အကောင်အထည်ဖော်ရန်အတွက် ဘာလီကွန်ကော့-၂ ပါ အာဆီယံ စီးပွားရေးပေါင်းစည်းမှုအပေါ် အဆင့်မြင့်လုပ်ငန်းအဖွဲ့ ( High Level Task Force- HLTF ) ၏ သုံးသပ်ချက်များကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

၇။ တစ်ချိန်တည်းတွင် အာဆီယံစီးပွားရေးအသိုက်အဝန်းသည် အာဆီယံ ကနဦးပေါင်းစည်းရေး အစီအစဉ် (IAI) မှတစ်ဆင့် ဒေသအတွင်းဖွံ့ဖြိုးမှုကွာဟချက်၊ စီအယ်လ်အမ်ဗွီ (CLMV) လေးနိုင်ငံ၏ ပါဝင်ပေါင်းစည်းမှု အရှိန်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ပါမည်။ ထို့အပြင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ အသိပညာရှင်၊ အတတ်ပညာရှင်တို့၏ အရည်အသွေး အသိအမှတ်ပြုရေး၊ ငွေကြေးမူဝါဒဆိုင်ရာကိစ္စများတွင် အနီးကပ်ပူးပေါင်းဆောင်ရွက်ရေး၊ ဆက်သွယ်ရေးနှင့် အီလက်ထရောနစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပုဂ္ဂလိကကဏ္ဍ ပါဝင်မှုမြှင့်တင်ရေးစသည်တို့ဖြင့် အာဆီယံ စီးပွားရေးအသိုက်အဝန်းကို ထူထောင်ရန် ဖြစ်ပါသည်။

၈။ အထက်ဖော်ပြပါ အချက်အလက်များအပေါ် အခြေခံပြီး အာဆီယံအတွက် ဒေသပြင်ပ ကုန်သွယ်မှု၏အရေးပါမှုနှင့် အာဆီယံစီးပွားရေး အသိုက်အဝန်းအနေဖြင့် ပြင်ပသို့ ရှုမျှော်နိုင်ရန် (outward looking) အာဆီယံ စီးပွားရေး အသိုက်အဝန်းသည် အောက်ဖော်ပြပါ အဓိကအချက်များကို မျှော်မှန်းပါသည်။

(က) တစ်ခုတည်းသော ဈေးကွက်နှင့် ထုတ်လုပ်မှုအခြေခံ ဒေသ

(ခ) ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားသော စီးပွားရေး ဒေသ

(ဂ) စီးပွားရေး ဖွံ့ဖြိုးမှု မျှတသော ဒေသ

(ဃ) ကမ္ဘာ့စီးပွားရေးတွင် အပြည့်အဝ ပါဝင်ပေါင်းစည်းမှုရှိသော ဒေသ

အဆိုပါမျှော်မှန်းချက်များမှာ ဆက်စပ်မှုရှိပြီး အပြန်အလှန် အားပြုလျက်ရှိသဖြင့် လိုအပ်သည့်အချက်အလက်များ၊ သွင်ပြင်လက္ခဏာများကို ပုံစံတစ်ခုတည်းတွင် ပါဝင်စေခြင်းဖြင့် အကောင်အထည်ဖော်မှုနှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုကို ဆီလျော်မှုရှိစေမည် ဖြစ်ပါသည်။

## က။ အာဆီယံတစ်ခုတည်းသော ဈေးကွက်နှင့် ထုတ်လုပ်မှု အခြေခံဒေသ

## (Single Market and Production Base)

၉။ အာဆီယံတစ်ခုတည်းသောဈေးကွက်နှင့် ထုတ်လုပ်မှုအခြေခံအဆောက်အအုံကို အောက်ဖော်ပြပါ အခြေခံအပိုင်း (၅) ပိုင်းဖြင့် ဖွဲ့စည်း ပါမည်။

(၁) ကုန်စည်များ လွတ်လပ်စွာ စီးဆင်းစေနိုင်ခြင်း။

မူလအဖွဲ့ဝင် (၆) နိုင်ငံသည် ၂၀၁၀ ခုနှစ်တွင် လည်းကောင်း၊ အဖွဲ့ဝင်အသစ် (၄) နိုင်ငံ (စီအယ်လ်အမ်ဗွီ နိုင်ငံများ) သည် အချို့သောအရေးကြီး ကုန်စည်များမှအပ ကျန်ကုန်စည်များ အပေါ် ၂၀၁၅ ခုနှစ်တွင်လည်းကောင်း၊ အချို့သော အရေးကြီးကုန်စည်များအတွက် ၂၀၁၈ ခုနှစ် တွင် လည်းကောင်း အသီးသီးဖယ်ရှားပယ်ဖျက်ပေးရန်၊

- ဦးစားပေးပေါင်းစည်းမည့် ကဏ္ဍများပါ ကုန်စည်များအပေါ် ကောက်ခံသည့် အကောက်ခွန်နှုန်း များကို အာဆီယံဦးစားပေး ကဏ္ဍများ ပေါင်းစည်းမှုဆိုင်ရာ သဘောတူစာချုပ်ကို ပြင်ဆင်သည့် အခြေပြုစာချုပ်ပါပြဋ္ဌာန်းချက်များအရ အာဆီယံ (၆) နိုင်ငံသည် ၂၀၀၇ ခုနှစ်တွင်လည်းကောင်း၊ စီအယ်လ်အမ်ဗွီနိုင်ငံများသည် ၂၀၁၂ ခုနှစ်တွင် လည်းကောင်း ဖယ်ရှားပယ်ဖျက်ပေးရန်၊
- အရေးကြီးကုန်စည်နှင့် အထူးအရေးကြီး ကုန်စည်များအတွက် အထူးအစီအစဉ်ဆိုင်ရာ အခြေပြု စာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျန်ရှိနေသည့် အရေးကြီးကုန်စည်များကို စီအီးပီတီ အစီအစဉ်သို့ ရွှေ့ပြောင်းပြီး၊ အကောက်ခွန်နှုန်းများကို (၀-၅%) သို့ အာဆီယံ-၆ နိုင်ငံသည် ၁-၁-၂၀၁၀ တွင်လည်းကောင်း၊ဗီယက်နမ်နိုင်ငံသည် ၁-၁-၂၀၁၃ တွင်လည်းကောင်း၊ လာအိုနှင့် မြန်မာနိုင်ငံသည် ၁-၁-၂၀၁၅ တွင် လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံသည် ၁-၁-၂၀၁၇ တွင် လည်းကောင်း ၊ အသီးအသီး လျှော့ချပေးရန်၊
- အထွေထွေကင်းလွတ်ခွင့် စာရင်းပါကုန်စည်များကို စီအီးပီတီ သဘောတူစာချုပ်နှင့်အညီ ထည့်သွင်းစာရင်းသို့ ပြောင်းရွှေ့ပေးရန်၊

၁၄။ <u>**အကောက်ခွန်နှုန်းထား မဟုတ်သောကုန်သွယ်ရေးဆိုင်ရာ အတားအဆီးများပယ်ဖျက်ရေး (Elimination of Non-Tariff Barriers - NTBs)**</u>။ အာဆီယံသည် အကောက်ခွန်နှုန်းထား များ ဖြေလျှော့ရေးတွင် သိသိသာသာ အောင်မြင်မှု ရနေပါသည်။ ၂၀၁၅ ခုနှစ်တွင် အကောက်ခွန်နှုန်းထား မဟုတ်သော ကုန်သွယ်ရေးဆိုင်ရာ အတားအဆီးများ ဖယ်ရှားပေးရေးကို အဓိကရည်ရွယ် ဆောင်ရွက် ပါမည်။

<u>ဆောင်ရွက်ရန်</u>

- အသိပေးခြင်းအစီအစဉ်ဆိုင်ရာ အခြေပြုစာချုပ် (Protocol on Notification Procedure) ကိုလိုက်နာ၍ သိသာမြင်သာအောင် ဆောင်ရွက်တတ်ခြင်းကို ပိုမိုဆောင်ရွက်လာရန်နှင့် ထိထိ ရောက်ရောက် မျက်ခြေမပြတ် စောင့်ကြပ်ကြည့်ရှုသည့်စနစ် (Surveillance Mechanism) ကို တည်ထောင်ရန်၊
- NTBs နှင့် စပ်လျဉ်း၍ Standstill and Roll-back အပေါ် ကတိကဝတ် ပြုထားသည့်အတိုင်း လိုက်နာရန်၊
- သဘောတူထားသည့် အကောက်ခွန်နှုန်းထား မဟုတ်သော ကုန်သွယ်ရေးဆိုင်ရာ အတားအဆီး များ ဖယ်ရှားခြင်းဆိုင်ရာ လုပ်ငန်းအစီအစဉ်နှင့်အညီ ယင်းအတားအဆီး များကို အာဆီယံ ၅ နိုင်ငံသည် ၂၀၁၀ ခုနှစ်တွင်လည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံသည် ၂၀၁၂ ခုနှစ်တွင်လည်းကောင်း၊ စီအယ်လ်အမ်ဗွီနိုင်ငံများသည် ၂၀၁၅ ခုနှစ် (အချိန်ပိုမိုရရှိသည့် အချို့သောအရေးကြီး ကုန်စည် များအတွက် ၂၀၁၈ ခုနှစ်) တွင်လည်းကောင်း အသီးသီး ဖယ်ရှားရန်၊
- အကောက်ခွန်နှုန်းထား မဟုတ်သည့် ကုန်သွယ်ရေးဆိုင်ရာ အတားအဆီးများနှင့် စပ်လျဉ်းသည့် စည်းမျဉ်းစည်းကမ်းများကို ပိုမို၍ သိသာမြင်သာအောင် ဆောင်ရွက်ရန်၊
- အပြည်ပြည်ဆိုင်ရာ အလေ့အထကောင်းများနှင့် ဆီလျော်သည့် ဒေသဆိုင်ရာစည်းမျဉ်းစည်းကမ်း များကို ဖြစ်နိုင်ပါက ရေးရှုဆောင်ရွက်အသုံးပြုသွားရန်၊

(၂) ဝန်ဆောင်မှုများ လွတ်လပ်စွာ စီးဆင်းစေနိုင်ခြင်း၊
(၃) ရင်းနှီးမြှုပ်နှံမှုများ လွတ်လပ်စွာ စီးဆင်းစေနိုင်ခြင်း၊
(၄) ငွေကြေးအရင်းအနှီးများ ပိုမို၍ လွတ်လပ်စွာ စီးဆင်းစေနိုင်ခြင်း နှင့်
(၅) ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာ ပြောင်းရွှေ့စေနိုင်ခြင်းတို့ ဖြစ်ပါသည်။

ထို့အပြင် တစ်ခုတည်းသော ဈေးကွက်နှင့် ထုတ်လုပ်မှုအခြေခံ အဆောက်အအုံတွင် ဦးစားပေး ပေါင်းစည်းမည့် ကဏ္ဍများနှင့် ရိက္ခာ၊ လယ်ယာနှင့် သစ်တောဟူသည့် အရေးကြီးသည့် အစိတ်အပိုင်း နှစ်ရပ်လည်း ပါဝင်ပါမည်။

## က-၁။ ကုန်စည်များ လွတ်လပ်စွာ စီးဆင်းစေနိုင်ခြင်း (Free Flow of Goods)

၁၀။ ကုန်စည်များလွတ်လပ်စွာစီးဆင်းစေနိုင်ခြင်းသည် အာဆီယံအား တစ်ခုတည်းသော ဈေးကွက်နှင့် ကုန်ထုတ်လုပ်မှု အခြေခံအဆောက်အအုံတစ်ခု အောင်မြင်စွာဖြစ်စေရေး ရည်မှန်းချက် အတွက် အခြေခံမှုတစ်ခုဖြစ်ပါသည်။ ကုန်စည် (ဝန်ဆောင်မှုအပါအဝင်) အတွက် တစ်ခုတည်းသော ဈေးကွက်သည် ဒေသတွင်း ကုန်ထုတ်လုပ်မှု ကွန်ယက်များ၏ မြန်ဆန်စွာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အာဆီယံ၏ စွမ်းဆောင်ရည်ကို ကမ္ဘာ့ထုတ်လုပ်မှု ဗဟို (သို့မဟုတ်) ကမ္ဘာ့ကုန်စည်ဖြည့်တင်းရေး လမ်းကြောင်း၏ အစိတ်အပိုင်း တစ်ခုအဖြစ် ဆောင်ရွက်နိုင်လိမ့်မည် ဖြစ်ပါသည်။

၁၁။ အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုဒေသထူထောင်ရာမှတစ်ဆင့် အာဆီယံသည် အကောက်ခွန်နှုန်းများ ဖယ်ရှားမှုတွင် ပီပီပြင်ပြင်အောင်မြင်မှု ရနေပြီဖြစ်ပါသည်။ သို့သော် ကုန်စည်များ လွတ်လပ်စွာ စီးဆင်းမှုမှာ အကောက်ခွန်နှုန်းများ သုညရာခိုင်နှုန်းသို့ လျော့ချခြင်းသာမက အကောက်ခွန်မဟုတ်သည့် ကုန်သွယ်မှုအတားအဆီးများကို ဖယ်ရှားရန်လည်း လိုအပ်ပါသည်။ ထို့အပြင် ကုန်စည်များ လွတ်လပ်စွာ စီးဆင်းရေးတွင် ကုန်သွယ်မှုလျှင်မြန်ချောမွေ့စေရေးဆိုင်ရာ ဆောင်ရွက်မှုများဖြစ်သည့် အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို တစ်ပြေးညီဖြစ်စေခြင်း၊ အာဆီယံပြတင်းတစ်ပေါက်စနစ်ကို တည်ထောင်အသုံးပြုခြင်း၊ စီအီးပီတီအစီအစဉ်၊ ပင်ရင်းဒေသစည်းမျဉ်းနှင့်ယင်း၏ ပင်ရင်းဒေသ သက်သေခံလက်မှတ်ထုတ်ပေးရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပိုမိုခိုင်မာလာအောင် ဆောင်ရွက်ခြင်း၊ အခွင့်အာဏာသတ်မှတ်ပေးထားသည့် စီးပွားရေးလုပ်ဆောင်သူများနှင့် ပုံစံတူ ကုန်သွယ်မှု မြန်ဆန်စေသည့် စနစ်များ တည်ထောင်အသုံးပြုခြင်းနှင့် စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် စည်းမျဉ်းစည်းကမ်းများကို တစ်ပြေးညီဖြစ်စေရန် တို့သည်လည်း အရေးကြီးသည့် အချက်တစ်ရပ်ဖြစ်ပါသည်။

၁၂။ စီအီးပီတီ-အက်(ဖ)တာ သဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေး ပေါင်းစည်းမှု လျှင်မြန်စွာဆောင်ရွက်ရေးကို ရှေးရှု၍ ပို၍ပြည့်စုံခိုင်မာပြီး ကုန်စည်များ လွတ်လပ်စွာ စီးဆင်းရေးအတွက် အသုံးပြုနိုင်မည့်စာချုပ် ဖြစ်လာအောင် ပြန်လည်သုံးသပ်ရေးဆွဲရပါမည်။

၁၃။ <u>အကောက်ခွန်နှုန်းများ ပယ်ဖျက်ပေးခြင်း။</u> အာဆီယံဒေသတွင်း ကုန်သွယ်သည့်ကုန်စည်များ အားလုံးအပေါ် အကောက်ခွန်များကို စီအီးပီတီ-အက်(ဖ)တာ သဘောတူစာချုပ်နှင့် ယင်းနှင့်ဆက်စပ် အခြေပြုစာချုပ်များပါ ကတိကဝတ်နှင့် သတ်မှတ် အစီအစဉ်များအတိုင်း ပယ်ဖျက် ပေးရပါမည်။

<u>ဆောင်ရွက်ရန်</u>

- သွင်းကုန်ခွန်များ ပယ်ဖျက်ခြင်းအတွက် စီအီးပီတီ သဘောတူစာချုပ်ကို ပြင်ဆင်သည့် အခြေပြုစာချုပ်အရ အရေးကြီးနှင့်အထူးအရေးကြီးကုန်စည်များမှအပ ကျန်ကုန်စည်များအပေါ် အာဆီယံ

၁၅။ **ပင်ရင်းဒေသစည်းမျဉ်းများ။** ကမ္ဘာ့ထုတ်လုပ်မှုနည်းစနစ် ပြောင်းလဲတိုးတက်မှုများနှင့် ဆီလျော်သည့် ပင်ရင်းဒေသစည်းမျဉ်းကို အကောင်အထည်ဖော်အသုံးပြုရန်၊ သို့မှသာ အာဆီယံနိုင်ငံများ အတွင်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်မြန်ဆန်လာခြင်း၊ ဒေသတွင်း ထုတ်လုပ်မှုကွန်ယက်ကို မြှင့်တင်နိုင်ခြင်း၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ၏ ဖွံ့ဖြိုးမှုကို အားပေးခြင်း၊ ဖွံ့ဖြိုးမှုနှုန်း ကွာဟချက်ကို ကျဉ်းမြောင်းစေခြင်းနှင့် အက်(ဖ)တာစီအီးပီတီ အစီအစဉ်အသုံးပြုမှုကိုပို၍တိုးတက်စေခြင်း စသည်တို့ ဖြစ်ပေါ်လာပေမည်။

**ဆောင်ရွက်ရန်**

- စီအီးပီတီ ပင်ရင်းဒေသစည်းမျဉ်းကို ဒေသထုတ်လုပ်မှု နည်းစနစ်ပြောင်းလဲမှုနှင့်အညီ အစဉ် ပြောင်းလဲဆောင်ရွက်ရန်၊ ဤတွင် advance rulings နှင့် ပင်ရင်းဒေသစည်းမျဉ်းကို တိုးတက် ပြင်ဆင်ပြောင်းလဲခြင်းတို့အား စတင်လုပ်ဆောင်ခြင်း အပါအဝင် လိုအပ်သည့် ညှိနှိုင်းပြင်ဆင် မှုများ ဆောင်ရွက်ရပါမည်။
- စီအီးပီတီပင်ရင်းဒေသ စည်းမျဉ်းဆိုင်ရာ သက်သေခံလက်မှတ်ထုတ်ပေးသည့် လုပ်ထုံး လုပ်နည်းများကို လွယ်ကူစေရန်ဆောင်ရွက်ခြင်း၊ ပို၍ကောင်းမွန်အောင် စဉ်ဆက်မပြတ် လုပ်ဆောင်ခြင်းပြုပါမည်။ ဤတွင် အီလက်ထရောနစ်စနစ်ဖြင့် သက်သေခံ လက်မှတ်ထုတ်ပေး ခြင်းနှင့် နိုင်ငံလုပ်ထုံးလုပ်နည်းများကို တညီတညွတ်တည်း ဖြစ်အောင် ဆောင်ရွက်ခြင်းစသည် တို့ပါဝင်ပါမည်။
- ပင်ရင်းဒေသစည်းမျဉ်းများအားလုံးကို အာဆီယံနိုင်ငံအားလုံးမှ တစ်နိုင်ငံချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း ပြန်လည်သုံးသပ်ရန်၊ ဖြစ်နိုင်ပါက ထပ်ပေါင်းစနစ်ကို စမ်းသပ်ရန်၊

၁၆။ **ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး။** ကုန်သွယ်ရေးနှင့်အကောက်ခွန်ဆိုင်ရာ စည်းမျဉ်းများ၊ လုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများနှင့် ဆက်နွယ်သည့်အချက်အလက်များကို အာဆီယံတွင် transaction cost များလျော့ချရန်အတွက် ရှင်းလင်းလွယ်ကူအောင် တစ်ပြေးညီဖြစ်ရန်၊ စံသတ် မှတ်ရန် လိုပါသည်။ သို့မှသာ ပို့ကုန်များ ယှဉ်ပြိုင်နိုင်မှုမြင့်မားခြင်း၊ အာဆီယံ ပေါင်းစည်းမှုကို မြန်ဆန် ချောမွေ့စေခြင်းဖြစ်လာပြီး အာဆီယံအား ကုန်စည်၊ ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့အတွက် တစ်ခုတည်း သော ဈေးကွက်နေရာနှင့် ထုတ်လုပ်ရာဒေသ ဖြစ်လာစေပါမည်။

**ဆောင်ရွက်ရန်**

- အာဆီယံ၏ ကုန်သွယ်မှုလျှင်မြန်ချောမွေ့စေရေး ဆောင်ရွက်ချက်များကို စီစစ်ရန်၊
- လျှင်မြန်ချောမွေ့သည့် ဘက်စုံကုန်သွယ်မှုတစ်ရပ် ထူထောင်အကောင်အထည်ဖော်ရန်၊ ဤတွင် ကုန်သွယ်ရေးနှင့် အကောက်ခွန်ဆိုင်ရာ စည်းမျဉ်းစည်းကမ်း၊ လုပ်ငန်းစဉ်များ၊ လုပ်ထုံး လုပ်နည်းများ နှင့် သတင်းအချက်အလက်များ စီးဆင်းမှုတို့ကိုလွယ်ကူစေခြင်း၊ တစ်ပြေးညီ ဖြစ်စေခြင်းနှင့် စံသတ်မှတ်ခြင်းတို့ ပါဝင်ပါသည်။
- အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုစာရင်းများ ပြောင်းရွှေ့မှုအတွင်း လုပ်ငန်းရှင်ကြီးများအားလုံး၏ ဆောင်ရွက်ချက် အားလုံးကို ရှင်းလင်း၍ သိသာမြင်သာမှုရှိစေရေးကို တိုးမြှင့်ဆောင်ရွက်ရန်။
- ဒေသတွင်း ကုန်သွယ်မှု လျှင်မြန်ချောမွေ့စေရေးအတွက် ပူးပေါင်းဆောင်ရွက်မှု စနစ်တစ်ရပ်ကို ထူထောင်ရန်၊
- အာဆီယံကုန်သွယ်မှု လျှင်မြန်ချောမွေ့စေရေးဆိုင်ရာ ထိန်းချုပ်ရာဌာန ထူထောင်ရန်၊
- အမျိုးသားအဆင့် ဆောင်ရွက်ချက်များကို အထောက်အကူပေးခြင်းနှင့် ဒေသအဆင့် အစီအမံ များကို ထိထိရောက်ရောက်အကောင်အထည်ဖော်ခြင်းတို့ကို ဖွံ့ဖြိုးစေရန်၊
- လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ရာတွင် ချောမွေ့သေချာစေရန်အတွက် စွမ်းဆောင်ရည် တည်ထောင်သည့် ဘက်စုံအစီစဉ်တစ်ရပ် ထူထောင်ရန်၊

၁၇။ **အကောက်ခွန်ပေါင်းစည်းမှု။** အာဆီယံစီးပွားရေးအသိုက်အဝန်း ဖြစ်ပေါ်လာရေးကို အရှိန်အဟုန်မြင့်ရန်၊ အာဆီယံအကောက်ခွန်မျှော်မှန်းချက် ၂၀၂၀ ခုနှစ်ကို ၂၀၁၅ ခုနှစ်သို့ ရွှေ့ပြောင်းဆောင်ရွက်ပါမည်။ အထူးသဖြင့် အောက်ပါတို့ကို ရည်ရွယ်သည့် အကောက်ခွန်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဗျူဟာမြောက် အစီအစဉ် (Strategic Plan of Customs Development) (၂၀၀၅-၂၀၁၀)ကို ဆောင်ရွက်ပါမည်။

(က) အကောက်ခွန် တည်ဆောက်ပုံများကို ပေါင်းစည်းစေခြင်း၊

(ခ) အကောက်ခွန်အုပ်စုခွဲခြားခြင်း၊ အကောက်ခွန်တန်ဘိုးဖြတ်ခြင်းနှင့် ပင်ရင်းဒေသသတ်မှတ်ခြင်းတို့ကို ခေတ်မီအောင် ဆောင်ရွက်ခြင်း၊ အာဆီယံ အီလက်ထရောနစ် အကောက်ခွန်စနစ် (ASEAN e- Customs) ထူထောင်ခြင်း၊

(ဂ) အကောက်ခွန်ရှင်းလင်းရေး ကိစ္စများကို ချောမွေ့စေခြင်း၊

(ဃ) လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးကို ပို၍ ခိုင်မာစေခြင်း၊

(င) သက်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကို မြှင့်တင်ခြင်း၊

(စ) အကောက်ခွန်အဖွဲ့အစည်းများအကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေခြင်း၊

(ဆ) ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးအတွက် စွန့်စားခြင်းဆိုင်ရာ စီမံခန့်ခွဲမှုနည်းလမ်းများ (Risk Management techniques)နှင့် စာရင်းစစ်ခြင်းကို အခြေခံသည့် ထိန်းချုပ်မှု (audit-based control) စနစ်ကို အသုံးပြုခြင်း၊

**ဆောင်ရွက်ရန်များ**

- ခေတ်မီ အကောက်ခွန်နည်းစနစ်များ၊ အကောက်ခွန်နည်းလမ်းများကို အာဆီယံ ကုန်စည်များရှင်းလင်းရေးနှင့် အာဆီယံအကောက်ခွန်ကြေငြာချက်(၂၀၀၇)ပါ ဒေသဆိုင်ရာ ကုန်စည်များနှင့်သင်္ဘောတင်များဆိုင်ရာ လုပ်ငန်းများပုံစံကို အကောင်အထည်ဖေါ်ခြင်းဖြင့် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် ညီညွတ်သည့် အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းများကို လွယ်ကူရှင်းလင်းပြီးတစ်ပြေးညီဖြစ်စေမည့်လမ်းညွှန်ချက်များဖြင့် ခေတ်မီအောင် ဆောင်ရွက်ရန်၊
- ကုန်စည်များ ရွှေ့ပြောင်းသယ်ယူရေးနှင့် ပို့ဆောင်ရေးလမ်းကြောင်းများ လွယ်ကူချောမွေ့စေမည့် အာဆီယံအကောက်ခွန် ဖြတ်သန်းမှုစနစ်၊ (ASEAN Customs Transit System) ထူထောင်ရန်၊
- ကုန်ထုတ်လုပ်ငန်းများနှင့် ဖြည့်တင်းရေးလမ်းကြောင်းများ ပေါင်းစည်းမှု လျင်မြန်ချောမွေ့စေရန် ရည်ရွယ်၍ Temporary Admission, Outward Processing and Inward Processing အစရှိသည့် အကောက်ခွန်ဆိုင်ရာ အထူးပြဌာန်းချက် စည်းမျဉ်းများပါသည့် အာဆီယံအကောက်ခွန်စနစ် (ASEAN Customs System) ကို တည်ထောင်ရန်
- အကောက်ခွန်စည်းကြပ်ရေးအတွက် အကောက်ခွန်သင်္ကေတသတ်မှတ်ခြင်း (tariff classification) ကိုတူညီစေရေး၊ တန်ဖိုးတွက်ချက်မှု (value assessment) တို့ညီညွတ်မှုရှိစေရေးနှင့် ပင်ရင်းဒေသသတ်မှတ်ခြင်းဆိုင်ရာ တစ်ပြေးညီစနစ်တို့ကို အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများ၊ အလေ့အထများနှင့်အညီ ကျင့်သုံးရန်၊
- အာဆီယံအီလက်ထရောနစ် အကောက်ခွန်စနစ်(ASEAN e-Customs) ကို ကျင့်သုံးရန်နှင့်
- အကောက်ခွန်လုပ်ငန်းများ စွမ်းရည်ပိုကောင်းရန်နှင့် ထိရောက်မှုရှိစေရန် အချင်းချင်း အကူအညီပေးခြင်းများ ပိုမိုလုပ်ဆောင်ရန်၊

၁၈။ **အာဆီယံပြတင်းတစ်ပေါက်။** ကုန်သွယ်မှုနှင့် အကောက်ခွန်ဆိုင်ရာကိစ္စရပ်များ ရှင်းလင်းလွယ်ကူစေရန်၊ တစ်ပြေးညီဖြစ်စေရန်နှင့် စံချိန်စံညွှန်းကိုက်ညီမှုရှိစေခြင်း၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် ဆက်သွယ်ရေးနည်းပညာ အသုံးပြုမှုအစီအစဉ်များ စသည်တို့ကို

အကောင်အထည်ဖော်ဆောင်ခြင်းသည် ပြီးပြည့်စုံသည့် အာဆီယံပြတင်းတစ်ပေါက် (The ASEAN Single Window) စနစ်ကို ဖြစ်ပေါ်လာစေမည်ဖြစ်ပါသည်။ အဖွဲ့ဝင်တစ်နိုင်ငံစီ၏ အမျိုးသားပြတင်းတစ်ပေါက်စီဖြင့် ဆယ်ခုပေါင်းစည်း၍ ဆောင်ရွက်ခြင်းဖြစ်ပါသည်။ အမျိုးသားပြတင်းတစ်ပေါက်စနစ်သည် အချက်အလက်များ (data) နှင့် သတင်းအချက်အလက်များပြုစုခြင်း၊ တင်ပြခြင်း၊ ကုန်စည်များအကောက်ခွန်ရှင်းလင်းမှု လျင်မြန်စေရန်အတွက် အဆုံးအဖြတ်ချခြင်း၊ အချိန်နှင့်ကုန်ကျစရိတ် သက်သာစေခြင်း စသည်တို့ဖြင့် ကုန်သွယ်မှုစွမ်းဆောင်ရည်နှင့် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်နိုင်မည် ဖြစ်ပါသည်။

ဆောင်ရွက်ရန်

- အာဆီယံ (၆) နိုင်ငံ (ဘရူးနိုင်းဒါရုဆလမ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်း) တို့သည် အမျိုးသားပြတင်းတစ်ပေါက် (National Single Window) စနစ်ကို ၂၀၀၈ ခုနှစ် နောက်ဆုံးထား၍ ဆောင်ရွက်ရန်၊
- အာဆီယံ (၄) နိုင်ငံ (ကမ္ဘောဒီးယား၊ လာအိုပီဒီအာရ်၊ မြန်မာနှင့် ဗီယက်နမ်)တို့သည် ၎င်းတို့၏ အမျိုးသားပြတင်းတစ်ပေါက် စနစ်များကို ၂၀၁၂ ခုနှစ်ထက် နောက်မကျစေဘဲ ဆောင်ရွက်ရန်၊
- အချက်အလက် (Data) များကို ကမ္ဘာ့အကောက်ခွန်အဖွဲ့အစည်း (WCO) ၏ အချက်အလက်များပုံစံနှင့် ကုလသမဂ္ဂကုန်သွယ်မှုစာရင်းစာအုပ် (United Nations Trade Data Elements Directory (UNTDED) အပေါ် အခြေခံခြင်း၊ သတင်းဆက်သွယ်ရေးနှင့် နည်းပညာ (ICT) စနစ်ကျင့်သုံးမှု အရှိန်မြှင့်တင်ခြင်းဖြင့် လုပ်ငန်းအဆင့်ဆင့်ကို ခေတ်မီတိုးတက်စေရန်နှင့် နည်းပညာဖလှယ်ရန်၊

၁၉။ **စံချိန်စံညွှန်းနှင့် ကုန်သွယ်မှုအတွက် နည်းပညာအဟန့်အတားများ။** ဒေသအတွင်း ပို့ကုန်၊ သွင်းကုန် ထုတ်လုပ်မှုလုပ်ငန်းများ ကုန်ကျစရိတ်နှင့် စွမ်းရည်မြင့်မားရေးအတွက် စံချိန်စံညွှန်း၊ အရည်အသွေးစနစ်များမှာ အရေးပါသော သတ်မှတ်ချက်များဖြစ်ပါသည်။ အာဆီယံစံချိန်စံညွှန်းနှင့် ညီညွတ်မှုဆိုင်ရာမူဝါဒလမ်းညွှန်မှု (ASEAN Policy Guideline on Standards and Conformance) ကို အကောင်အထည်ဖော်ခြင်းဖြင့် စံချိန်စံညွှန်း၊ နည်းပညာဆိုင်ရာစည်းမျဉ်းစည်းကမ်းများ ပိုမိုရှင်းလင်းလွယ်ကူ၍ တူညီမှုအတွက်ဆောင်ရွက်သည့် အရည်အသွေးမြှင့်တင်စေမည်ဖြစ်ပြီး၊ ပုဂ္ဂလိကကဏ္ဍမှ တက်ကြွစွာပါဝင်ဆောင်ရွက်စေရန်ဖြစ်ပါသည်။

ဆောင်ရွက်ရန်

- စံချိန်စံညွှန်း၊ နည်းပညာဆိုင်ရာ စည်းမျဉ်းများ တူညီမှုရှိစေရေးကို ဖြစ်နိုင်ပါက အပြည်ပြည်ဆိုင်ရာ ကျင့်ထုံးများနှင့်အညီ ဆောင်ရွက်ရန်
- နှစ်ဦးနှစ်ဖက် အသိအမှတ်ပြုရေးဆိုင်ရာ အာဆီယံဘောင်သဘောတူစာချုပ် (ASEAN Framework Agreement on MRAs) တွင် သတ်မှတ်ထားသည့် ကဏ္ဍများအတွက် တူညီမှု သတ်မှတ်ချက်အပေါ် အပြန်အလှန်အသိအမှတ်ပြုရေး အစီအစဉ်များ ရေးဆွဲအကောင်အထည်ဖော်ရန်၊
- ဒေသဆိုင်ရာ အသိအမှတ်ပြု လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်မှုများကို အခြေခံ၍ နည်းပညာအခြေခံ အဆောက်အဦနှင့် ဓာတ်ခွဲခန်း စမ်းသပ်စစ်ဆေးမှုများ စွမ်းဆောင်ရည် မြှင့်တင်ရေးကို ဆောင်ရွက်ရန်၊
- နည်းပညာဆိုင်ရာ ကုန်သွယ်ရေးအဟန့်အတားများအပေါ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သဘောတူစာချုပ် (WTO Agreement on TBT) နှင့် စံချိန်စံညွှန်းနှင့် ကိုက်ညီမှုများ ဆိုင်ရာ

အာဆီယံ မူဝါဒလမ်းညွှန်မှု ( ASEAN Policy Guideline on Standards and Conformance) တို့၏ လိုအပ်ချက်နှင့်အညီ စံချိန်စံညွှန်း နည်းပညာစည်းမျဉ်းများနှင့် တူညီမှု တိုးတက်စေရေးတွင် ပိုမိုလွယ်ကူမှုရှိစေရန်၊

- ညှိနှိုင်းထားသော နည်းပညာစည်းမျဉ်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး အတွက် ဈေးကွက်အတွင်း စောင့်ကြည့်မှုစနစ် ခိုင်မာမှုရှိစေရန်၊
- လုပ်ငန်းအစီအစဉ်များ ချောမွေ့စွာအကောင်အထည်ဖော်နိုင်ရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များချမှတ်ဆောင်ရွက်ရန်၊

## က-၂။ ဝန်ဆောင်မှုများ လွတ်လပ်စွာ စီးဆင်းစေနိုင်ခြင်း (Free Flow of Services)

၂၀။ အာဆီယံ စီးပွားရေးအသိုက်အဝန်း (အေအီးစီ) ထူထောင်ရာတွင် ဝန်ဆောင်မှု ကုန်သွယ်ရေး လွတ်လပ်စေရေးသည် အရေးပါသည့် ကိစ္စတစ်ရပ်ဖြစ်ပါသည်။ အာဆီယံဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူများ လုပ်ငန်းဆောင်ရွက်ရာတွင် လည်းကောင်း၊ ဒေသအတွင်း နိုင်ငံနယ်နိမိတ် ဖြတ်ကျော်၍ ကုမ္ပဏီများ ထူထောင်ရာတွင်လည်းကောင်း၊ ကန့်သတ်ချက်များ မရှိရန်လိုအပ်ပါသည်။ ဝန်ဆောင်မှု ဖြေလျှော့ပေးမှုများကို ဝန်ဆောင်မှုကုန်သွယ်ရေးညှိနှိုင်းမှု ကော်မတီမှ ဆောင်ရွက်လျက်ရှိပြီး အသုတ်လိုက် ဖြေလျှော့ပေးလျက်ရှိပါသည်။ ဘဏ္ဍာရေးဝန်ဆောင်မှုနှင့် လေကြောင်းပို့ဆောင်ရေးဝန်ဆောင်မှု ကဲ့သို့သော သီးခြားဝန်ဆောင်မှု ကဏ္ဍအချို့ကို သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် အဖွဲ့များမှ ဆက်လက်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ ဝန်ဆောင်မှုလုပ်ငန်းများ ဖြေလျှော့ပေးရာ၌ ကတိကဝတ် (Commitment) များကို နောက်ပြန်ရုတ်ခြင်း (back-loading) မပြုလုပ်ရန်နှင့် ကြိုတင်သဘော တူညီထားသည့် ပျော့ပျောင်းမှုများ (pre-agreed flexibilities) သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ အားလုံး၏ သဘောတူညီမှုရရှိရန် လိုအပ်ပါသည်။

၂၁။ ၂၀၁၅ ခုနှစ်တွင် ဝန်ဆောင်မှုကုန်သွယ်ရေး လွတ်လပ်စွာ စီးဆင်းမှု လွယ်ကူစေရေးအတွက် အာဆီယံတွင် အသက်မွေးမှု ပညာရှင်များ ဒေသအတွင်း သွားလာလုပ်ကိုင်မှု လွယ်ကူစေရေးကို ရှေးရှုလျက် အသက်မွေးဝမ်းကြောင်းဆိုင်ရာ အရည်အသွေး သတ်မှတ်ချက်ကို အသိအမှတ်ပြုနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

**<u>ဆောင်ရွက်ရန်</u>**

- ဦးစားပေးဝန်ဆောင်မှုကဏ္ဍ (၄) ခုဖြစ်သည့် လေကြောင်းပို့ဆောင်ရေး၊ အီး-အာဆီယံ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့်ခရီးသွားလုပ်ငန်းကဏ္ဍများတွင်ရှိသည့် ကန့်သတ်ချက်များကို ၂၀၁၀ ခုနှစ်တွင်လည်းကောင်း၊ ပဉ္စမဦးစားပေးကဏ္ဍဖြစ်သည့် ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍတွင်ရှိသည့် ကန့်သတ်မှုများကို ၂၀၁၃ ခုနှစ်တွင် လည်းကောင်း ဖယ်ရှားပေးရန်၊
- ၂၀၁၅ ခုနှစ် မတိုင်မီ ဝန်ဆောင်မှု ကုန်သွယ်ရေးတွင် ရှိသည့် ကျန်ကဏ္ဍအားလုံး၏ ကန့်သတ်ချက်များကို ဖယ်ရှားပေးရန်၊
- ဝန်ဆောင်မှု ဖြေလျှော့မှုကို ၂၀၀၈၊ ၂၀၁၀၊ ၂၀၁၂၊ ၂၀၁၄နှင့် ၂၀၁၅အထိ ၂ နှစ်တစ်ကြိမ် တာဝန်ယူဆောင်ရွက်ရန်
- ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ သတ်မှတ်ထားသည့် စာရင်း (GATS W/120) အပေါ် အခြေခံ၍ ဖြေလျှော့မှုပေးမည့် အသုတ် (round) တစ်ခုစီတွင် အနည်းဆုံးကဏ္ဍခွဲအသစ်များလျာထားရန်၊ ၂၀၀၈၊ ၂၀၁၀၊ ၂၀၁၂၊ ၂၀၁၄၊ ၂၀၁၅ ခုနှစ်များတွင် ကဏ္ဍခွဲ (၁၀) ခု၊ (၁၅) ခု၊ (၂၀) ခု၊ (၂၀) ခု နှင့် (၇) ခု အသီးသီးကို ကန့်သတ်ချက်များလျှော့ချရေးအတွက် ရည်မှန်းချက်ထားရှိရန်၊

- ဖြေလျော့မှုပေးမည့် အသုတ် (round) တစ်ခုစီတွင် အသုတ်လိုက် ကတိကဝတ်ပြုမှုကို အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် အညီဆောင်ရွက်ရန်၊

- ဝန်ဆောင်မှုဖြေလျော့သည့် နည်းလမ်း(၄)သွယ်အနက် ပထမနည်းလမ်း (၂) ခုဖြစ်သည့် ,နယ်ဖြတ်ကျော် ဖြန့်ဖြူးခြင်းနှင့် နိုင်ငံခြားတွင် စားသုံးမှုပြုခြင်းတို့တွင် အဖွဲ့ဝင်နိုင်ငံများမှ သဘောတူညီမှုအပေါ် မူတည်ပြီး စစ်မှန်သော စည်းမျဉ်းစည်းကမ်း အကြောင်းပြချက်မှ လွဲ၍ ကန့်သတ်ချက်များ မရှိစေရန်၊

- ဝန်ဆောင်မှုကဏ္ဍများ၏ နိုင်ငံခြားငွေပါဝင်မှုကို အောက်ပါအတိုင်းခွင့်ပြုရန် သတ်မှတ်ပါသည်။

## နိုင်ငံခြားငွေပါဝင်မှု

| | ၂၀၀၈ | ၂၀၁၀ | ၂၀၁၃ | ၂၀၁၅ |
|---|---|---|---|---|
| ဦးစားပေးဝန်ဆောင်မှုကဏ္ဍ(၄)ခု | ၅၁% | ၇၀% | | |
| - လေကြောင်းပို့ဆောင်ရေး | | | | |
| - အီးအာဆီယံ | | | | |
| - ကျန်းမာရေး | | | | |
| - ခရီးသွားလုပ်ငန်း | | | | |
| ထောက်ပံ့ပို့ဆောင်ရေး ကဏ္ဍ | ၄၉% | ၅၁% | ၇၀% | |
| အခြားဝန်ဆောင်မှု ကဏ္ဍများ | ၄၉% | ၅၁% | | ၇၀% |

- စီးပွားရေးလုပ်ငန်း လာရောက်လုပ်ကိုင်ခွင့်ပြုခြင်း တတိယနည်းလမ်းတွင် ဈေးကွက်ကန့်သတ်ချက်များ (Market Access Limitations) ကို ၂၀၁၅ ခုနှစ်မတိုင်မီ အဆင့်ဆင့် ဖယ်ရှားရန်၊
- လူပုဂ္ဂိုလ်များ လာရောက်လုပ်ကိုင်ခွင့်ပြုခြင်း စတုတ္ထနည်းလမ်းအတွက် နိုင်ငံသားကဲ့သို့ အခွင့်အရေးပေးမှု (national treatment) တွင် ကန့်သတ်ချက်များ ဖြေလျော့ရန်နှင့် ဖြေလျော့မှုပေးမည့် အသုတ် (round) တစ်ခုစီအတွက် horizontal commitment များ ဖြေလျော့မှုပေးရန် ဆောင်ရွက်ရမည့် အချက်များကို ၂၀၀၉ ခုနှစ်တွင် သတ်မှတ်ပေးရန်၊
- နိုင်ငံသားကဲ့သို့ အခွင့်အရေးပေးမှု ကန့်သတ်ချက်များ (national treatment limitations) နှင့် horizontal commitment များအပေါ် ၂၀၀၉ ခုနှစ်တွင် ချမှတ်သဘောတူညီသည့် ဆောင်ရွက်ရမည့် အချက်အလက်များအလိုက် ကတိကဝတ်ပြုသည့် အစီအစဉ် ဇယား ရေးဆွဲရန်၊
- ဝန်ဆောင်မှုကို အတားအဆီးဖြစ်စေသည့် စာရင်းများစုဆောင်းမှုကို ၂၀၀၈ ခုနှစ် ဩဂုတ်လ မတိုင်မီ ပြီးစီးအောင် ဆောင်ရွက်ရန်၊
- ဝန်ဆောင်မှုကဏ္ဍအားလုံးအပေါ် ယေဘုယျ ပျော့ပျောင်းမှုဖြင့် ခွင့်ပြုရာတွင်-
  - ယခင်ဖြေလျော့မှုပေးမည့် အသုတ်တွင် သတ်မှတ်ထားသည့် အချက်များကို ဆောင်ရွက်နိုင်ခြင်း မရှိပါက နောက်တစ်ကြိမ်တွင် မီအောင်ဆောင်ရွက်ရန်၊
  - ကန့်သတ်ချက်များ ဖြေလျော့မှုပေးရာတွင် အဖွဲ့ဝင်နိုင်ငံများအတွင်း သဘောတူညီထားသည့် ကဏ္ဍခွဲများသည် မိမိနိုင်ငံအနေဖြင့် ဖြေလျော့ပေးနိုင်သည့် လုပ်ငန်းများ မဟုတ်ပါက သဘောတူညီထားသည့် ကဏ္ဍခွဲများတွင် မပါရှိသော လုပ်ငန်းများကို အစားထိုး ခွင့်ပြုရန်၊
  - အာဆီယံ အနုတ် အိတ်စ် ("ASEAN" - "X") ကို ပုံသေနည်းဖြင့် ဖြေလျော့ရန်၊

- လက်ရှိညှိနှိုင်းလျက်ရှိသော အပြန်အလှန်အသိအမှတ်ပြုရေး အစီအစဉ်များ ( ဗိသုကာပညာဝန်ဆောင်မှု၊ စာရင်းကိုင်လုပ်ငန်းဝန်ဆောင်မှု၊ မြေတိုင်းတာရေးအရည်အသွေး၊ ဆေးပညာရှင်များ ) ကို ၂၀၀၈ ခုနှစ်မတိုင်မီ လည်းကောင်း၊ သွားဘက်ဆိုင်ရာ ပညာရှင်များအတွက် ၂၀၀၉ ခုနှစ်မတိုင်မီ လည်းကောင်း ပြီးစီးရန်၊
- သက်ဆိုင်ရာ အပြန်အလှန် အသိအမှတ်ပြုရေး အစီအစဉ်တစ်ခုစီအလိုက် မြန်ဆန်စွာ အကောင်အထည်ဖေါ် ဆောင်ရွက်ရန်၊
- အခြားအသက်မွေးဝမ်းကျောင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများအတွက် အပြန်အလှန် အသိအမှတ်ပြုရေး အစီအစဉ်များကို ၂၀၁၂ ခုနှစ်တွင် သတ်မှတ်ပြီး ၂၀၁၅ ခုနှစ်တွင် ပြီးစီးရန်၊
- ဝန်ဆောင်မှုကဏ္ဍအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုနှင့်လေ့ကျင့်ပြုစုပျိုးထောင်ခြင်းကို အရှိန်မြှင့်ဆောင်ရွက်ရန်၊

**ဘဏ္ဍာရေး ဝန်ဆောင်မှုကဏ္ဍ**

၂၂။ အဖွဲ့ဝင်နိုင်ငံများအား ဘဏ္ဍာရေးနှင့်လူမှုစီးပွားရေး တည်ငြိမ်မှုကို ထိန်းသိမ်းရန်နှင့် ဘဏ္ဍာရေးကဏ္ဍဖွံ့ဖြိုးမှု သေချာစေရန်အတွက် ဘဏ္ဍာရေး ကဏ္ဍဖြေလျော့ရေး နည်းလမ်းများကို ခွင့်ပြုသင့်ပါသည်။ အသင်းဝင်နိုင်ငံများ အနေဖြင့် အောက်ဖေါ်ပြပါ မူများကို ဘဏ္ဍာရေးကဏ္ဍ ဖြေလျော့ရာတွင် လမ်းညွှန်အဖြစ် အသုံးပြုရန် ဖြစ်ပါသည်။

(က) အာဆီယံအနှုတ်အိတ်စ်("ASEAN"-"X")ကိုပုံသေနည်းအရ ဖြေလျော့မှုပေးရန် အဆင်သင့်ဖြစ်သည့်နိုင်ငံမှ စတင်ဆောင်ရွက်ပြီး နောက်တွင် ကျန်နိုင်ငံများနှင့် ပေါင်းပြီးဆောင်ရွက်ရန်၊

(ခ) ဖြေလျော့မှု လုပ်ငန်းစဉ်သည် နိုင်ငံများ၏ အမျိုးသားရေးမူဝါဒ ရည်မှန်းချက်နှင့်၊ နိုင်ငံတစ်ခုချင်းစီ၏ စီးပွါးရေးနှင့်ဘဏ္ဍာရေးကဏ္ဍဖွံ့ဖြိုးမှုအဆင့်ကိုထိုက်သင့်သလို လေးစားမှုပေးရန်၊

<u>**ဆောင်ရွက်ရန်**</u>

- တစ်နိုင်ငံချင်းစီမှ ၂၀၁၅ ခုနှစ်မတိုင်မီ သတ်မှတ်ထားသည့် ကဏ္ဍခွဲများ၊ ဖြေလျော့မှုနည်းလမ်းများတွင် ရှိသည့် ကန့်သတ်ချက်များကို တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်ဖြေလျော့ရန်၊
- ကြိုတင်သဘောတူထားသည့် ပျော့ပြောင်းမှု (Pre- agreed flexibilties) အောက်တွင် သတ်မှတ်ထားခြင်းမရှိသည့် ကျန်ကဏ္ဍခွဲများနှင့် ဖြေလျော့မှုနည်းလမ်းများကို ၂၀၂၀ ခုနှစ်မတိုင်မီ ကန့်သတ်ချက်များ တစ်ဆင့်ပြီးတစ်ဆင့် ဖြေလျော့ရန်။

## က-၃ ရင်းနှီးမြှုပ်နှံမှုများလွတ်လပ်စွာစီးဆင်းနိုင်ခြင်း (Free Flow of Investment)

၂၃။ လွတ်လပ်စွာဖွင့်ပေးထားသော ရင်းနှီးမြှုပ်နှံမှုဒေသဖြစ်ပေါ်ရေးသည် အာဆီယံ၏ ယှဉ်ပြိုင်မှုကို တိုးတက်စေသည်သာမက အာဆီယံဒေသတွင်း ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရာတွင် အဓိကအရေးကြီးသော အချက်တစ်ရပ်ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုအသစ်များ စဉ်ဆက်မပြတ်ရရှိရန်နှင့် တည်ရှိပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ ထပ်ဆင့်ရင်းမြှုပ်နှံမှုပြုလုပ်ခြင်းသည် အာဆီယံဒေသ၏ စီးပွါးရေးဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာတိုးမြှင့်ပေးမည်ဖြစ်ပါသည်။

၂၄။ အာဆီယံဒေသတွင်း ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်ခြင်းကို ၁၉၉၈ ခုနှစ်တွင်ချုပ်ဆိုခဲ့သော အာဆီယံ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဘောင်သဘောတူစာချုပ် (The Framework Agreement on the ASEAN Investment Area- AIA) မှတစ်ဆင့် အကောင်အထည် ဖေါ်နေသကဲ့သို့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကာအကွယ်ပေးခြင်းကို သီးခြားစာချုပ်တစ်ရပ်ဖြစ်သည့် ၁၉၈၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့

သော ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ အာဆီယံ သဘောတူစာချုပ် (The ASEAN Agreement for the Promotion and Protection of Investment ) သို့မဟုတ် အာဆီယံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အာမခံ သဘောတူစာချုပ် (ASEAN Investment Guarantee Agreement - IGA) အရ အကာအကွယ်ပေးလျက်ရှိပါသည်။

၂၅။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံဘောင် သဘောတူစာချုပ်အရ စက်မှုလုပ်ငန်းများအားလုံး (စက်မှုကဏ္ဍ၊ လယ်ယာကဏ္ဍ ၊ သားငါးကဏ္ဍ၊ သစ်တောကဏ္ဍ၊ သတ္တုကဏ္ဍ နှင့် ၎င်းကဏ္ဍများနှင့် ဆက်စပ်နေသောဝန်ဆောင်မှု လုပ်ငန်းများ) အား အဖွဲ့ဝင်နိုင်ငံများ၏ ယာယီဖယ်ထားသော စာရင်း (TEL) နှင့် အရေးကြီးစာရင်း (SL) တွင် ဖော်ပြထားသော ချွင်းချက်များမှအပ ရင်းနှီးမြှုပ်နှံသူများသို့ ဖွဲ့စည်းတည်ထောင်ခြင်း မပြုရသေးသည့် လုပ်ငန်းများ (Pre-establishment) နှင့် ဖွဲ့စည်းတည်ထောင်ပြီး လုပ်ငန်းများ (Post- establishment) နှစ်ခုစလုံးတွင် နိုင်ငံသားများနှင့် တန်းတူအခွင့်အရေး (national treatment) ပေးရန်ဖြစ်ပါသည်။ ယာယီဖယ်ထားသော စာရင်းမှာ အဖွဲ့ဝင်နိုင်ငံများအကြား သဘောတူ သတ်မှတ်အချိန်ကာလအလိုက် ပယ်ဖျက်ရန် (phased out) ဖြစ်ပါသည်။ အရေးကြီး စာရင်းတွင်မူ အချိန်ကာလ သတ်မှတ်ချက်မရှိဘဲ အခါအားလျော်စွာ ပြန်လည်သုံးသပ်ခြင်း (review) လုပ်ပါသည်။

၂၆။ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးတက်စေရန်နှင့် ယှဉ်ပြိုင်မှုရှိသော ရင်းနှီးမြှုပ်နှံမှု ဒေသအဖြစ် ဆက်လက် တည်ရှိစေရန်အတွက် စာချုပ်နှစ်ခုလုံးအား ပြန်လည်သုံးသပ်ရန် လိုအပ်လာပါသည်။ အဓိက ရည်ရွယ်ချက်မှာ အာဆီယံဒေသတွင်း ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှု တိုးတက်စေရန် အလို့ငှာ နိုင်ငံတကာမှ ကျင့်သုံးနေသော စနစ်များကို လေ့လာသုံးသပ်၍ ရှေ့သို့ ရည်ရွယ်မျှော်မှန်းသော ပိုမိုကောင်းမွန်သော ပြဋ္ဌာန်းချက်များနှင့် ပိုမိုနားလည် လွယ်ကူသော စာချုပ်အသစ် တစ်ရပ်ဖြစ်ပေါ်လာစေရန် ဖြစ်ပါသည်။ အဆိုပါ စာချုပ်အသစ်တွင် ပါဝင်သောအဓိကမဏ္ဍိုင်ကြီးများမှာ-

(က) ရင်းနှီးမြှုပ်နှံမှုများအား အကာအကွယ်ပေးခြင်း (Investment Protection)
(ခ) လွယ်ကူချောမွေ့စေခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း (Facilitation and Cooperation)
(ဂ) မြှင့်တင်ခြင်းနှင့် အများသိရှိနားလည်စေခြင်း ( Promotion and Awareness) နှင့်
(ဃ) ဖြေလျှော့မှုပေးခြင်း (Liberalization) တို့ ဖြစ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုများအား အကာအကွယ်ပေးခြင်း (Investment Protection)**

၂၇။ ရင်းနှီးမြှုပ်နှံမှုများအား အကာအကွယ်ပေးခြင်းတွင် ဘက်စုံသဘောတူစာချုပ်အရ ရင်းနှီးမြှုပ်နှံသူအားလုံးသို့ အကာအကွယ်ပေးမှု တိုးမြှင့်ပေးရန် ဖြစ်ပါသည်။

<u>ဆောင်ရွက်ရန်</u>

- ရင်းနှီးမြှုပ်နှံသူနှင့် နိုင်ငံတော်အကြား အငြင်းပွားမှု ဖြေရှင်းခြင်းဆိုင်ရာ ယန္တရား (investor-state dispute settlement mechanism)
- မတည်ငွေရင်း၊ အမြတ်၊ အမြတ်ဝေစု စသည်တို့ကို လွှဲပြောင်းခြင်း၊ ပြန်လည်သယ်ယူခြင်း (tranfer and repatriation of capital, profits, dividends. etc .)

- လျော်ကြေးပေး၍ ပြည်သူပိုင်သိမ်းခြင်းဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်း၍ ထင်ထင်ရှားရှား သိနားလည်မှု ရှိစေခြင်း (transparent coverage on the expropriation and compensation)
- အပြည့်အဝအကာအကွယ်ပေးခြင်းနှင့် လုံခြုံစိတ်ချမှုရှိစေခြင်း (full protection and security)
- ပဋိပက္ခဖြစ်မှုကြောင့် ဆုံးရှုံးရခြင်းအတွက် လျော်ကြေးပေးခြင်း (treatment of compensation for losses resulting from strife)

## လွယ်ကူချောမွေ့စေခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း(Facilitation and Cooperation)

၂၀။ လွယ်ကူချောမွေ့စေခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတွင် ပိုမိုထင်သာ မြင်သာရှိသော ကြောင်းကျိုးညီညွတ်သော၊ ကြိုတင်ခန့်မှန်းနိုင်သော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းမူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ ပါဝင်ပါသည်။

<u>**ဆောင်ရွက်ရန်**</u>

- အာဆီယံစက်မှုဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်းနှင့်စီးပွားရေးပေါင်းစည်းမှုတို့တွင် အောင်မြင်မှုများရရှိစေရန်အတွက် ဖြစ်နိုင်သမျှ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒများကို တစ်ပြေးညီ ဖြစ်စေရန်၊
- ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုမိန့်လျှောက်ထားခြင်းနှင့် အတည်ပြုခြင်းကိုဆောင်ရွက်ရာတွင် ရှင်းလင်းချောမွေ့ လွယ်ကူသော လုပ်ထုံးလုပ်နည်းများ ဖြစ်စေရန်အတွက် တိုးချဲ့ ဆောင်ရွက်ရန်၊
- ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်များဖြစ်သော စည်းမျဉ်းစည်းကမ်း၊ မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများ ပြန့်ပွားရေးကို တိုးမြှင့်ဆောင်ရွက်ရန်နှင့် တစ်နေရာတည်းတွင် ပြုလုပ်နိုင်သည့် ရင်းနှီးမြှုပ်နှံမှု ဝန်ဆောင်မှုပေးသည့် ဌာန (သို့မဟုတ်) ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေး ဘုတ်အဖွဲ့မှ တစ်ဆင့် သတင်းအချက်အလက်များ ပြန့်ပွားစေရန်၊
- မူဝါဒများချမှတ်ရာတွင် အဆင်ပြေစေရန်အတွက် ကုန်စည်များနှင့်ဝန်ဆောင်မှုများ အကျုံးဝင်သော ရင်းနှီးမြှုပ်နှံမှု ပုံသဏ္ဌာန်အမျိုးမျိုးအတွက် စာရင်းအချက်အလက်များ ရရှိရေးကို တွန်းအားပေးဆောင်ရွက်ရန်
- အစိုးရ ဝန်ကြီးဌာနများနှင့်သက်ဆိုင်ရာ အဖွဲ့အစည်းအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရန်၊
- အာဆီယံ ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူချောမွေ့စေရေးအတွက် ပုဂ္ဂလိကစီးပွားရေးကဏ္ဍ နှင့် ညှိနှိုင်းဆောင်ရွက်ရန်၊
- အာဆီယံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို ဆောင်ရွက်သည့်နည်းတူ နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်ရန်အတွက် လုပ်ငန်းစဉ်များ သတ်မှတ်ရန်၊

## မြှင့်တင်ခြင်းနှင့်အများသိရှိနားလည်စေခြင်း (Promotion and Awareness)

၂၉။ မြှင့်တင်ခြင်းနှင့် အများသိရှိနားလည်စေခြင်းတွင် အာဆီယံအား တစ်စုတစ်စည်းတည်းသော ရင်းနှီးမြှုပ်နှံမှုဒေသ နှင့်ထုတ်လုပ်မှု ကွန်ယက်ကို တိုးမြှင့်စေရန် ဖြစ်ပါသည်။

ဆောင်ရွက်ရန်

- အာဆီယံအား ရင်းနှီးမြှုပ်နှံမှုအသွင် သဏ္ဍာန်အားလုံး တိုးမြင့်ဝင်ရောက်လာသည့် တိုးတက်သော ဒေသသစ်ဖြစ်စေရန်အတွက် လိုအပ်သောဝန်းကျင်ကို ဖန်တီးရန်၊
- အာဆီယံနိုင်ငံအချင်းချင်း ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရန် အထူးသဖြင့် အာဆီယံ-၆ နှင့် စီ၊ အယ်လ်၊ အမ်၊ ဗွီ (CLMV) သို့ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ရန်၊
- အသေးစားနှင့်အလတ်စား လုပ်ငန်းများနှင့် နိုင်ငံစုံ လုပ်ငန်းကြီးများ တိုးတက်ဖွံ့ဖြိုးလာရေးအတွက် ဆောင်ရွက်ရန်၊
- အာဆီယံနိုင်ငံအတွင်းရှိ နိုင်ငံစုံ လုပ်ငန်းကြီးများအကြား စက်မှုဆိုင်ရာလိုအပ်ချက်များ ဖြည့်ဆည်းပေးရန်နှင့် ထုတ်လုပ်မှုကွန်ယက်များ တိုးတက်လာစေရေးဆောင်ရွက်ရန်၊
- ထုတ်လုပ်မှုကွန်ယက်နှင့် ဒေသဆိုင်ရာအစုအဖွဲ့ကို အခြေခံမည့် ပူးတွဲရင်းနှီးမြှုပ်နှံမှုအဖွဲ့များ တိုးမြှင့်ရန်၊
- အာဆီယံ စက်မှုပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အား ထပ်မံအားဖြည့် ဆောင်ရွက်သည့် အာဆီယံ စက်မှုပူးပေါင်းဆောင်ရွက်မှုတို့မှ အကျိုးအမြတ်တိုးမြှင့်လာစေရန်နှင့် ဒေသတွင်း ထုတ်လုပ်မှု ကွန်ယက်စနစ်များ တိုးမြှင့်ရေးဆောင်ရွက်ရန်၊
- ထိရောက်သော နှစ်နိုင်ငံအကြား ကွန်ယက်ဆက်သွယ်ရေး တည်ထောင်ရာတွင် အာဆီယံ နိုင်ငံများအကြား အခွန်နှစ်ခါ ကောက်ခံမှုရှောင်ရှားရေး လုပ်ဆောင်ရန်၊

## ဖြေလျှော့မှုပေးခြင်း (Liberalization)

၃၀။ ၂၀၁၅ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှုများ လွတ်လပ်စွာ ဖွင့်ပေးနိုင်ရန်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှု စနစ်များ ဖြေလျှော့မှုပေးခြင်းကို ပိုမိုတိုးတက်စေရန် ဖြစ်ပါသည်။

ဆောင်ရွက်ရန်

- အာဆီယံဒေသတွင် ရင်းနှီးမြှုပ်နှံသူများသို့ ကန့်သတ်ထားသော ချွင်းချက်မှအပ နိုင်ငံသားများနှင့် တန်းတူအခွင့်အရေးပေးခြင်း (national treatment) ၊ သာလွန်သော အခွင့်အရေး (most- favored nation treatment) ကို အခြားစာချုပ်ဝင် နိုင်ငံသို့ ပေးပါက စာချုပ်ဝင်နိုင်ငံများမှ တောင်းဆိုနိုင်ခွင့်ရှိခြင်း အပါအဝင်ခွဲခြားမှု မရှိသော ခံစားပိုင်ခွင့်များ တိုးချဲ့သွားရန်၊
- ဦးစားပေး ကဏ္ဍကုန်စည်များအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကန့်သတ်ချက်များ လျှော့ချရန်နှင့် ဖြစ်နိုင်ပါက ပယ်ဖျက်ရန်၊
- ရင်းနှီးမြှုပ်နှံမှုခွင့်ပြုချက်ရရှိရန်အတွက် လိုအပ်သော ဆောင်ရွက်ချက်များပါဝင်သော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကန့်သတ်ချက်များ၊ အခြားအဟန့်အတားများကို လျှော့ချရန်နှင့် ဖြစ်နိုင်ပါက ပယ်ဖျက်ရန်၊

## က-၄။ ငွေကြေးအရင်းအနှီးများ ပိုမို၍ လွတ်လပ်စွာ စီးဆင်းနိုင်ခြင်း (Freer Flow of Capital)

၃၁။ အာဆီယံ ငွေကြေးဈေးကွက်ဖွံ့ဖြိုးမှုနှင့် ပေါင်းစည်းမှု တိုးတက်နိုင်မာစေရန်ဖြစ်ပါသည်။

ဆောင်ရွက်ရန်

- အာဆီယံဒေသရှိ ငွေကြေးဈေးကွက် အဆင့်နှင့်အညီ ကမ်းလှမ်းမှု ပြုရာတွင်အကြွေးစာချုပ်များ (debt securities) ၊ ထုတ်ဖော်ပြရန် လိုအပ်ချက်များ (disclosure requirements) နှင့် ဖြန့်ဖြူးခြင်းဆိုင်ရာစည်းမျဉ်းများ (distrbutionrules) ပိုမိုညီညွတ်မှု ရရှိစေရန်၊
- ဈေးကွက်ကျွမ်းကျင်သူများ၏ အတွေ့အကြုံ၊ ပညာ၊ အရည်အသွေးတို့ အတွက်အပြန်အလှန်အသိအမှတ်ပြုရေး အစီအစဉ် (သို့မဟုတ်) သဘောတူညီချက်ကိုဆောင်ရွက်ရန်။
- ငွေကြေးလက်မှတ်ထုတ်ဝေခြင်းအတွက် လိုအပ်သည့်လွှမ်းမိုးမှု ဥပဒေနှင့် စကားရပ်အသုံးအနှုန်းတို့ ပိုမို၍ လွယ်ကူစေရန်
- အာဆီယံငွေကြေးထုတ်ဝေမှုတွင် ရင်းနှီးမြှုပ်နှံသူအားအခြေခံထားမှု ကျယ်ပြန့်စေရေး တိုးမြှင့်ဆောင်ရွက်ရာတွင် ဖြစ်နိုင်ပါက withholding tax structure အားမြှင့်တင်ရန်။
- နယ်စပ်ဖြတ်ကျော်၍ ငွေကြေးရာဖွေရေးအပါအဝင်ငွေကြေးလုပ်လုပ်မှုနှင့် ငွေကြေးဈေးကွက်ချိတ်ဆက်မှုကို တည်ထောင်ရန်နှင့် ဈေးကွက်တွန်းအားပေးသော ကြိုးပမ်းမှုများအဆင်ပြေစေရန်။

၃၂။ မတည်ငွေရင်း ပိုမိုရွေ့လျားမှု ခွင့်ပြုရေး၊

- မတည်ငွေရင်းရွေ့လျားမှု ဖြေလျော့ခြင်းကို အောက်ပါစည်းမျဉ်းများဖြင့် လမ်းညွှန်မှုပြုရန် ဖြစ်ပါသည်။

(က) မတည်ငွေစာရင်း (capital account) ဖြေလျော့မှုသည် အဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသားရေး အစီအစဉ် (national agenda) နှင့် စီးပွားရေးတို့နှင့် ကိုက်ညီမှုရှိစေရန်

(ခ) မက်ခရိုစီးပွားရေးတည်ငြိမ်မှုရှိရန် လိုအပ်သည့်ဆောင်ရွက်ချက်များချမှတ်နိုင်ခွင့်အပါအဝင် ဖြေလျော့မှုကြောင့် ထွက်ပေါ်လာနိုင်သည့် မေခရိုစီးပွားရေး မတည်ငြိမ်မှုနှင့် စွန့်စားမှု (risk) တို့အတွက် လုံလောက်သောအကာအကွယ်ပေးမှု အစီအမံများကိုခွင့်ပြုရန်။

(ဂ) ဖြေလျော့မှု အကျိုးအမြတ်ကို အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံး ခွဲဝေရရှိစေရန်။

ဆောင်ရွက်ရန်

- စာရင်းရှင် ငွေလွှဲပြောင်းမှု (current account transactions) အတွက် ငွေပေးချေမှု၊ ငွေစာရင်းလွှဲပြောင်းမှု လွယ်ကူချောမွေ့စေရန် ကန့်သတ်ချက်များကို ဖြစ်နိုင်ပါက ဖယ်ရှားရန် (သို့မဟုတ်) လျော့ချရန်၊
- ငွေကြေးဈေးကွက် ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များနှင့်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုကို အထောက်အကူပြုမည့် မတည်ငွေရင်းဆိုင်ရာ ကန့်သတ်ချက်များကို ဖြစ်နိုင်ပါက ဖယ်ရှားရန် (သို့မဟုတ်) လျော့ချရန်၊

**က-၅။ ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာ လုပ်ကိုင်ခွင့်ပြုရေး**

**(Free Flow of Skilled Labour)**

၃၃။ ကုန်စည်၊ ဝန်ဆောင်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ကုန်သွယ်ရေးတို့ကို လုပ်ကိုင်သည့် နိုင်ငံခြားသားများ ဝင်ထွက်သွားလာမှု လွယ်ကူစေမည့် အစီအစဉ်များကို အိမ်ရှင်နိုင်ငံ၏ စည်းမျဉ်းစည်းကမ်းများအရ ခွင့်ပြုရန်ဖြစ်ပါသည်။

**ဆောင်ရွက်ရန်**

- နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ကိုင်သည့် အာဆီယံကျွမ်းကျင် လုပ်သားနှင့် အသက်မွေးဝမ်းကြောင်းသူများအတွက် ဗီဇာနှင့်အလုပ် လုပ်ကိုင်ခွင့်များ ထုတ်ပေးရာတွင် လွယ်ကူချောမွေ့စေရန်။

၃၄။ ၂၀၁၅ ခုနှစ် မတိုင်မီ ဒေသအတွင်း ဝန်ဆောင်မှုလုပ်ငန်းများ လွတ်လပ်စွာ စီးဝင်မှုလွယ်ကူ စေရန်နှင့် စံချိန်စံညွှန်း ကိုက်ညီမှုရှိစေရန်တို့ကို ဆောင်ရွက်လျက်ရှိပါသည်။

**ဆောင်ရွက်ရန်**

- ဒေသအတွင်းကျောင်းသားကျောင်းသူများ၊ ဝန်ထမ်းများသွားလာမှု တိုးမြင့်လာစေရန်အတွက် အာဆီယံ တက္ကသိုလ်များကွန်ယက် (ASEAN University Network AUN) အဖွဲ့ဝင်များအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်။
- ဦးစားပေးဝန်ဆောင်မှု ကဏ္ဍများအတွက် ၂၀၀၉ ခုနှစ် မတိုင်မီတွင် လည်းကောင်း အခြား ဝန်ဆောင်မှု ကဏ္ဍများအတွက် ၂၀၁၀ ခုနှစ် နှင့် ၂၀၁၅ ခုနှစ် တွင်လည်းကောင်း လိုအပ် သည့် လုပ်ငန်းကျွမ်းကျင်မှုအတွက် အဓိကစွမ်းဆောင်ရည်နှင့် အရည်အချင်းများ ဖွံ့ဖြိုးတိုး တက်စေရေး ဆောင်ရွက်ရန်။
- အာဆီယံနိုင်ငံများအကြား အလုပ်အကိုင်ဆိုင်ရာ သတင်းကွန်ယက် တိုးတက်လာစေရေး နှင့်စွမ်းရည်တိုးမြှင့်ရေး အလုပ်နေရာချထားရေးတို့အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ ချင်းစီမှ သုတေသနစွမ်းရည်များမြင့်မားလာစေရန်။

## က-၆။ ဦးစားပေးပေါင်းစည်းမှုပြုမည့်ကဏ္ဍများ (Priority Integration Sector)

၃၅။ အာဆီယံသည် စီးပွားရေးကဏ္ဍများအားလုံး ပေါင်းစည်းမှုပြုရန် လိုလားသော်လည်း စွမ်းအား အရင်းအမြစ်များအပေါ် အခြေခံ၍ ဦးစားပေးစီးပွားရေးပေါင်းစည်းမှု ပြုရန်အတွက် စီးပွားရေး ကဏ္ဍများကို ရွေးချယ်သတ်မှတ်ထားပါသည်။

၃၆။ စီးပွားရေးပေါင်းစည်းရန်အတွက် ဦးစားပေးကဏ္ဍ (၁၂)ခု ကိုသတ်မှတ်ထားပြီး ကဏ္ဍတစ်ခု ချင်းစီအတွက် ညှိနှိုင်းရေးမှူးအဖြစ် အဖွဲ့ဝင်နိုင်ငံအချို့ကို သတ်မှတ်ထားပါသည်။ ကဏ္ဍတစ်ခုချင်းစီတွင် ယင်းနှင့် တိုက်ရိုက်သက်ဆိုင်သည့် သီးခြားလုပ်ငန်း အစီအစဉ်များအပြင် ကုန်သွယ်မှု လွယ်ကူချောမွေ့ စေရေးကဲ့သို့ ကဏ္ဍအားလုံးနှင့် သက်ဆိုင်သည့်အစီအစဉ်များ ပါရှိသောလမ်းပြမြေပုံ (Roadmap) များ ရေးဆွဲထားရှိပါသည်။

၃၇။ အဆိုပါကဏ္ဍများ၏ စွမ်းဆောင်ရည် မြှင့်တင်ခြင်းအားဖြင့် ဒေသအတွင်း အလုပ်အကိုင်ရရှိစေမှု၊ စီးပွားရေး စွမ်းဆောင်ရည်တန်ဖိုး မြင့်တက်မှုနှင့် မတည်အရင်းအနှီး ယှဉ်ပြိုင်နိုင်စွမ်းတို့ကို ဖြစ်ထွန်းစေ မည်ဖြစ်ပါသည်။ ကဏ္ဍအလိုက် ပေါင်းစည်းမှုပြုခြင်းသည် ဒေသအတွင်းအရင်းအမြစ်များကို ထိရောက်စွာ အသုံးပြုနိုင်သည့်အပြင် ပေါင်းစည်းမှုကို ပိုမိုလေးနက်စေသကဲ့သို့ အာဆီယံနိုင်ငံများအနေဖြင့် စီးပွားရေး ပေါင်းစည်းမှု၏ အကျိုးဆက်များကို လေ့လာသိနားလည်စေမည့်အခွင့်အလမ်းများနှင့် ပိုမိုကျယ်ပြန့်သည့် ပူးပေါင်းဆောင်ရွက်ခွင့် တို့ကိုလည်းရရှိစေမည်ဖြစ်ပါသည်။

**ဆောင်ရွက်ရန်**

- ဦးစားပေးကဏ္ဍ လမ်းပြမြေပုံများ၏ သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်နိုင်မှု အခြေအနေ၊ တိုးတက်မှုဖြစ်စဉ်နှင့် အကျိုးသက်ရောက်မှုများကို တစ်နှစ်လျှင်နှစ်ကြိမ် သုံးသပ်ရန်။

- သီးခြားကဏ္ဍလုပ်ငန်းများ ပုံမှန်ဆွေးနွေးညှိနှိုင်းမှုများ၊ လုပ်ငန်းရှင်များ၏ အကြံပြုချက်များ (အထူးသဖြင့် ပုဂ္ဂလိက ကဏ္ဍ) ကို ချမှတ်ဆောင်ရွက်ရန်၊

**က-၇။ စားနပ်ရိက္ခာ၊ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တော (Food, Agriculture and Forestry)**

၃၈။ အာဆီယံ ကုန်သွယ်မှုနှင့် စားနပ်ရိက္ခာ၊ လယ်ယာနှင့် သစ်တောထွက်ကုန်/ကုန်စည်များ ရေရှည်ယှဉ်ပြိုင်နိုင်မှု တိုးမြှင့်ရန် ဖြစ်ပါသည်။

ဆောင်ရွက်ရန်

- အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသတွင် လယ်ယာနှင့်သစ်တောထွက်ကုန်များ၏ အကောက်ခွန်အပြန်အလှန် လျှော့ပေါ့ပေးမှုနှင့် အတားအဆီးများ ဖယ်ရှားပေးမှု အစီအစဉ် (CEPT-AFTA schemes) အကောင်အထည်ဖော်မှုကို ကြီးကြပ်ရန်၊
- အာဆီယံ၏ရေထွက်ပစ္စည်းများကို ကမ္ဘာ့ဈေးကွက်တွင် အန္တရာယ်ကင်းရှင်းစွာယှဉ်ပြိုင်နိုင်စွမ်းကို အထောက်အကူဖြစ်စေရန်အတွက် ရေထွက်ပစ္စည်းများ အရည်အသွေး စီမံခန့်ခွဲမှုတွင် တိုးတက်ကောင်းမွန်သော ဓာတ်ခွဲခန်းများ၏ စမ်းသပ်စစ်ဆေးခြင်း၊ (Hazard Analysis Critical Control Point - HACCP) အခြေခံသည့်စနစ် အသုံးပြုခြင်း၊ ခွင့်ပြုချက် ရယူခြင်း၊ အရည်အသွေး ထောက်ခံချက် ရရှိခြင်းများဖြင့် ဆောင်ရွက်ရန် ဖြစ်ပါသည်။ ယင်းစနစ်များကို ၂၀၀၉ ခုနှစ်တွင် အသေးစား ရေထွက်လုပ်ငန်းများတွင် ကျင့်သုံးရန် ဖြစ်ပါသည်။
- ကုန်သွယ်မှုတွင် အလားအလာကောင်းသော လယ်ယာထွက်ကုန်နှင့် စားသောက်ကုန် ထုတ်လုပ်မှု များတွင် Good Agriculture/Aquaculture Practice (GAP), Good Animal Husbandry Practices(GAHP), Good Hygiene Practice (GHP), Good Manufacturing Practice (GMP) နှင့် Hazard Analaysis Critical Control Point (HACCP) အခြေခံစနစ်များကို ၂၀၁၂ ခုနှစ် မတိုင်မီကျင့်သုံးရန်၊
- ၂၀၁၀ ခုနှစ်တွင် ရေထွက်ကုန်ပစ္စည်းများ စစ်ဆေးမှု နမူနာပုံစံများ တစ်ပြေးညီဖြစ်စေရေးနှင့် ၂၀၁၅ ခုနှစ်တွင် ကုန်သွယ်မှု၌ အလားအလာကောင်းသော လယ်ယာထွက်ကုန်၊ စားသောက်ကုန်နှင့်သစ်တောထွက်ပစ္စည်းများအတွက် သက်ရှိ၊ သက်မဲ့သားငါး၊ တိရစ္ဆာန်၊ အပင် နှင့် အပင်ထွက်ပစ္စည်း ပိုးမွှားရောဂါသန့်စင်ရေးလုပ်ငန်း (Sanitary and Phytosanitary-SPS) ဆောင်ရွက်မှုများကို နိုင်ငံတကာအဆင့် နှင့် ကိုက်ညီမှုရှိရေးကို ဆောင်ရွက်ရန်၊
- ကျယ်ကျယ်ပြန့်ပြန့် ရောင်းဝယ်ဖောက်ကားသည့် သီးနှံထွက်ကုန်များအတွက်အသုံးပြုရသော ပိုးသတ်ဆေး၏ အများဆုံး ရုပ်ကြွင်းကန့်သတ်ချက်များ (Maximum Residue Limits - MRLs) သည် ၂၀၁၀ ခုနှစ် မတိုင်မီ နိုင်ငံတကာအဆင့် ကိုက်ညီမှုရှိရေးကို ဆောင်ရွက်ရန်၊
- ခေတ်မှီဇီဝနည်းပညာဖြင့် ထုတ်လုပ်သော လယ်ယာထွက်ကုန် ပစ္စည်းများဆိုင်ရာ အခြေခံသဘောတူညီချက်သည် နိုင်ငံတကာအဆင့် စည်းမျဉ်းများ၊ စံချိန်စံညွှန်းများနှင့် ၂၀၁၅ ခုနှစ် မတိုင်မီ ကိုက်ညီမှုရှိစေရန်၊

- အာဆီယံဒေသတွင် စီးပွားရေးအရ အရေးပါသည့် သစ်သီးဝလံနှင့် လယ်ယာထွက်ကုန်များအတွက် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အရည်အသွေး စံနှုန်းများသည် နိုင်ငံတကာအဆင့် စည်းမျဉ်းများ၊ စံချိန်စံညွှန်းများနှင့် ၂၀၁၅ ခုနှစ် မတိုင်မီ ကိုက်ညီမှုရှိစေရန်၊
- တိရစ္ဆာန်ထွက် အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဇီဝလုံခြုံမှုဆိုင်ရာ အစီအမံများဖြင့် တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှုတွင် နိုင်ငံတကာအဆင့် စည်းမျဉ်းများ၊ စံချိန်စံညွှန်းများနှင့် ၂၀၁၅ ခုနှစ်မတိုင်မီ ကိုက်ညီမှုရှိစေရန်၊
- ငါးမွေးမြူရေးတွင် ဓာတုပစ္စည်းများအသုံးပြုမှုနှင့် အန္တရာယ်ရှိ ဓာတုပစ္စည်းများအသုံးပြုခြင်း ပပျောက်ရေး စည်းမျဉ်းများသည် နိုင်ငံတကာအဆင့် စည်းမျဉ်းများ၊ စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိရေးကို ၂၀၀၉ ခုနှစ်မတိုင်မီ ဆောင်ရွက်ရန်၊
- Phased - approach to forest certification အတွက် ဒေသအဆင့် စည်းမျဉ်းကို ၂၀၁၅ ခုနှစ်မတိုင်မီ ကျင့်သုံးရန်၊

၃၉။ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဖက်စပ်လုပ်ကိုင်ခြင်းနှင့် နည်းပညာလွှဲပြောင်းခြင်းတို့ကို တိုးမြှင့်ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

**ဆောင်ရွက်ရန်**

- အာဆီယံသည် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ (WTO, FAO, OIE, Intenational Plant Protection Convention (IPPC), CODEX, CITES) ၊ ဆွေးနွေးဖက်နိုင်ငံများ ( Dialogue Partners) နှင့် ပူးပေါင်း၍ အကျိုးရှိစေမည့် လုပ်ငန်းများ၊ နည်းဗျူဟာများ ချမှတ်ရန်၊
- လယ်ယာ၊ အစားအစာ၊ သစ်တောထွက် ပစ္စည်းများအပေါ် သုတေသနနှင့် နည်းပညာလွှဲပြောင်းမှု ပူးပေါင်းဆောင်ရွက်ခြင်းကို တိုးမြှင့်ရန်၊
- စားနပ်ရိက္ခာဖူလုံရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဖက်စပ်လုပ်ကိုင်မှု အခွင့်အလမ်းများ လယ်ယာထွက်ကုန် မြှင့်တင်ခြင်းများနှင့် ဈေးကွက်ဝင်မှုတို့ကို တိုးမြှင့်ဆောင်ရွက်ရာတွင် ပုဂ္ဂလိကကဏ္ဍများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊
- တရားမဝင်သစ်ခုတ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ၊ တောမီးလောင်ခြင်းနှင့် အကျိုးဆက်များကို ကြိုးပမ်းတိုက်ဖျက်ရန်၊
- တရားမဝင် ငါးဖမ်းခြင်းလုပ်ငန်း တိုက်ဖျက်ရေးကို ကြိုးပမ်းရန်။

၄၀။ စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် ထုတ်ကုန်များ ဈေးကွက်ပိုမိုရရှိရန်၊ ပူးပေါင်းဆောင်ရွက်မှု ကွန်ယက်ထူထောင်ရန်နှင့် ဒေသအတွင်း လယ်သမားများ၏ အကျိုးစီးပွားကို ဖြည့်ဆည်းရန်တို့ကို တိုးမြှင့်ခြင်း ဖြစ်ပါသည်။

- အာဆီယံစိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် နှစ်နိုင်ငံချင်း၊ ဒေသတွင်းနှင့် နိုင်ငံစုံ ပူးပေါင်းခြင်းဖြင့် ဗျူဟာမြောက်ဆောင်ရွက်ရန်၊
- အာဆီယံဒေသတွင်း အလားအလာရှိသည့် စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် စီးပွားရေး လုပ်ငန်းဆက်နွယ်မှုများ ဖော်ထုတ်ပေးရန်။
- အာဆီယံ စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်သူများ၊ စားသုံးသူများနှင့် ကုန်သည်များအား ရင်းနှီးမြှုပ်နှံမှုနှင့် ဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်

## ၁။ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသော စီးပွားရေးဒေသ (Competitive Economic Region)

### ၁-၁။ ယှဉ်ပြိုင်မှု မူဝါဒ (Competition Policy)

၄၁။ ယှဉ်ပြိုင်မှု မူဝါဒ၏ အဓိကရည်ရွယ်ချက်မှာ ညီညွတ်မျှတသော ယှဉ်ပြိုင်မှု တစ်ရပ်ဖြစ်ပေါ်စေရန် ဖြစ်ပါသည်။ ယှဉ်ပြိုင်မှု မူဝါဒနှင့် သက်ဆိုင်သော အဖွဲ့အစည်းများ ဥပဒေများသည် မကြာသေးခင် ကာလက အချို့သော အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် တည်ရှိပြီးဖြစ်ပါသည်။ လောလောဆယ်အားဖြင့် ယှဉ်ပြိုင်မှုဆိုင်ရာ ကွန်ယက်အဖြစ်ဆောင်ရွက်မည့် ယှဉ်ပြိုင်မှု အေဂျင်စီသို့မဟုတ် ယှဉ်ပြိုင်မှု မူဝါဒ ဆိုင်ရာ အတွေ့အကြုံများကို ဖလှယ်မည့် သက်ဆိုင်ရာအဖွဲ့အစည်းနှင့် အဖွဲ့အစည်းဆိုင်ရာ စံ သတ်မှတ်ချက်ဖြင့် ဆောင်ရွက်လုပ်ကိုင်နေသော တရားဝင်အဖွဲ့အစည်း မရှိသေးပါ။

ဆောင်ရွက်ရန်

- သက္ကရာဇ် ၂၀၁၅ ခုနှစ်တွင် အာဆီယံ အဖွဲ့ဝင်နိုင်ငံအားလုံး၌ ယှဉ်ပြိုင်မှု မူဝါဒ အစပြုရေး ကြိုးပမ်းရန်။
- ယှဉ်ပြိုင်မှု မူဝါဒများဆွေးနွေးညှိနှိုင်းရေး ဖိုရမ်တစ်ခုအနေဖြင့် ဆောင်ရွက်ရန်အတွက် တာဝန်ရှိသော အာဏာပိုင်အဖွဲ့ သို့မဟုတ် အေဂျင်စီများ ပါဝင်သော ကွန်ယက်တစ်ခု တည်ဆောက်ရန်၊
- အမျိုးသားယှဉ်ပြိုင်မှု မူဝါဒ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ အတွက် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ/လုပ်ငန်းများအားပေးရန်၊
- မျှတသော ယှဉ်ပြိုင်မှုဝန်းကျင် ဖန်တီးနိုင်ရေးအတွက် နိုင်ငံတကာမှ ကျင့်သုံးလျက်ရှိသော အကောင်းဆုံး နည်းစနစ်များနှင့် အဖွဲ့ဝင်နိုင်ငံများ၏ အတွေ့အကြုံများအပေါ် အခြေခံ၍ သက္ကရာဇ် ၂၀၁၀ ခုနှစ်တွင် ယှဉ်ပြိုင်မှု မူဝါဒအတွက် ဒေသဆိုင်ရာလမ်းညွှန်ချက်တစ်ရပ် ဖြစ်ပေါ်လာစေရန်။

### ၁-၂။ စားသုံးသူများကို အကာအကွယ်ပေးခြင်း (Consumer Protection)

၄၂။ ပြည်သူလူထုအပေါ် အခြေခံသည့် နည်းလမ်းဖြင့် ဒေသတွင်း စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု တစ်ရပ်ကို အောင်မြင်အောင် တည်ထောင်ရာ၌စီးပွားရေး ပူးပေါင်းဆောင်ရွက်ချက်များသည် စားသုံးသူ များတွက် အဟန့်အတား မရှိနိုင်ကြောင်း အာဆီယံမှ အလေးအနက်ထား ခံယူထားပါသည်။ စားသုံးသူများအား အကာအကွယ်ပေးသည့် ကိစ္စရပ်များကို ဖော်ထုတ်ရာ၌ အကာအကွယ်ပေးရေး အစီအမံများ အကောင်အထည်ဖော်ဆောင်ပြီးနောက် အဆိုပြုထားသည့် စီးပွားရေးအစီအမံများကို ဆောင်ရွက်ရန်လိုအပ်ပါသည်။

ဆောင်ရွက်ရန်

- အာဆီယံလုပ်ငန်းညှိနှိုင်းမှု ကော်မတီ (ASEAN Coordinating Committee on Consumer Protection -ACCCP) တည်ထောင်ဆောင်ရွက်ခြင်းဖြင့် အာဆီယံတွင် စားသုံးသူများအား အကာအကွယ်ပေးသည့် လုပ်ငန်းစဉ်များ ခိုင်မာစေရန်။
- သတင်းအချက်အလက်များ ဖလှယ်ရေးကို လွယ်ကူချောမွေ့စေရန် စားသုံးသူများအား အကာအကွယ်ပေးရေးအဖွဲ့၏ ကွန်ယက်ဆက်သွယ်မှု တစ်ခုတည်ထောင်ရန်၊
- တစ်စုတည်းသော အာဆီယံဈေးကွက်တစ်ခုအတွက် ကြိုတင်ပြင်ဆင်ရာတွင် စားသုံးသူများ အား အကာအကွယ်ပေးရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့်စားသုံးသူ ကိုယ်စားလှယ်များ အတွက် ဒေသတွင်းလေ့ကျင့်သင်ကြားပေးရေး ကိစ္စများဆောင်ရွက်ရန်၊

## ၁-၃။ အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့် ( Intellectual Property Right - IPR)

၄၃။ အခြေခံအားဖြင့် အသိဉာဏ်ပစ္စည်းဆိုင်ရာ မူဝါဒသည် -

(က) ယဉ်ကျေးမှု၊ အသိဉာဏ်၊ အနုပညာနှင့်ဆိုင်သော ဖန်တီးမှုများနှင့် ၄င်းတို့အားစီးပွားဖြစ် ဆောင်ရွက်နိုင်ရေး

(ခ) ပိုမိုခေတ်မီသော နည်းပညာရပ်များအတွက် ထိရောက်သောပြဌာန်းချက်များနှင့် ဖန်တီးမှုများ ဖြစ်ပေါ်စေရန်။

(ဂ) အစဉ်အမြဲပြောင်းလဲ တိုးတက်နေသောအဆင့်သို့ ရောက်ရှိနိုင်ရန် အတွက်လေ့လာမှုများ စဉ်ဆက်မပြတ်ပြုလုပ်ရန်။

၄၄။ အသိဉာဏ်ပစ္စည်းဆိုင်ရာ မူဝါဒသည် ယဉ်ကျေးမှုဆိုင်ရာတီထွင်ဖန်တီးမှုများကို သွက်လက်မြန်ဆန်စွာ ဆောင်ရွက်ကြရန် အထောက်အကူပြုပြီး ရှိးရာအသိဉာဏ် ပစ္စည်းနှင့် အသိဉာဏ်ပစ္စည်းအသစ် နှစ်မျိုးစလုံးကို လုပ်ကိုင်လျက်ရှိသော အသိပညာရှင် အားလုံးအတွက် ပိုမိုမျှတသော အကျိုးအမြတ်များ ဖြစ်ပေါ်စေပါသည်။ ထို့ပြင် အသိဉာဏ်ပစ္စည်းဆိုင်ရာ မူဝါဒသည် ပြည်ပကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ၊ ခေတ်မီကိုယ်ပိုင်နည်းပညာများ လွှဲပြောင်းပေးရန်အတွက် အရေအတွက်နှင့် အရည်အသွေးနှစ်ရပ်စလုံးအပေါ် သြဇာလွှမ်းမိုးမှု ရှိပါသည်။ ပြည်တွင်းတန်ဖိုးမြှင့် ထုတ်လုပ်မှုများနှင့် ပြည်ပယှဉ်ပြိုင်မှုများသည် အသိဉာဏ် ပစ္စည်းဖန်တီးမှုကို အဓိက အဆုံးအဖြတ်ပေးပါသည်။

၄၅။ အသိဉာဏ်ပစ္စည်းဆိုင်ရာ အခွင့်အရေးနှင့် စပ်လျဉ်း၍ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကို အသိဉာဏ် ပစ္စည်းဆိုင်ရာ ရေရှည်လုပ်ငန်းစဉ် (၂၀၀၄-၂၀၁၀) နှင့် မူပိုင်ခွင့်ဆိုင်ရာ အာဆီယံပေါင်းစည်းရေး လုပ်ငန်းအစီအစဉ်တို့၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ပါသည်။ အဆိုပါ အစီအစဉ်များသည် အာဆီယံ ဒေသတွင်းရှိ စီးပွားရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံသူများ၊ ဖန်တီးရှင်များ၏ အကျွမ်းတဝင်ပံ့ပိုးမှုဖြင့် ယဉ်ကျေးမှုနှင့် လေ့လာတီထွင်ဖန်တီးမှုများ တိုးတက်ပြောင်းလဲလာစေရန် ရည်ရွယ်ပါသည်။ ထို့ပြင် အဆိုပါလုပ်ငန်းအစီအစဉ်များသည် အသိဉာဏ်ပစ္စည်းပေါ်ပေါက်မှုများ ဖွံ့ဖြိုးတိုးတက်မှုကို အများသိရှိကြစေရန်၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ကွန်ယက်ဆက်သွယ်မှုများ တိုးပွါးလာစေရန်၊ ကြိုတင်ခန့်မှန်းနိုင်မှု လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အသိဉာဏ်ပစ္စည်းဆိုင်ရာ စက်မှုလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန် ဖြစ်ပါသည်။

**ဆောင်ရွက်ရန်**

- အသိဉာဏ်ပစ္စည်းဆိုင်ရာ ရေရှည်လုပ်ငန်းစဉ် (၂၀၀၄-၂၀၁၀) နှင့် မူပိုင်ခွင့်ဆိုင်ရာ အာဆီယံပေါင်းစည်းရေး လုပ်ငန်းအစီအစဉ် တို့ကိုအပြည့်အဝ အကောင်အထည်ဖော်ရန်။
- အသိဉာဏ်စွည်း အသုံးပြုသူများ ဒီဇိုင်းများကို မှတ်တမ်းပြုရာတွင် အဆင်ပြေစေရန်အတွက် အာဆီယံမှတ်တမ်း ပြုခြင်းစနစ်တစ်ခု တည်ထောင်ရန်နှင့် ဘာသာစကားလိုအပ်ချက်အပေါ် မူတည်၍ အာဆီယံ အဖွဲ့ဝင်နိုင်ငံများရှိ အသိဉာဏ်ပစ္စည်းဆိုင်ရာ ရုံးဌာနများအကြား ညှိနှိုင်းဆောင်ရွက်မှု တိုးတက်ရန်၊
- ဖြစ်နိုင်ပါက မက်ဒရစ် ပရိုတိုကော (Madrid Protocol) ၌ ပါဝင်နိုင်ရန်၊
- အသိဉာဏ်ပစ္စည်း မူပိုင်ခွင့် အခွင့်အရေးကာကွယ်ပေးရေးအတွက် နိုင်ငံဆိုင်ရာ အရေးယူဆောင်ရွက်ပိုင်ခွင့်ရှိသည့် အဖွဲ့များအကြား ညှိနှိုင်းမှုများ သတင်းအချက်အလက် ဖလှယ်ရေးများကို စဉ်ဆက်မပြတ် ဆောင်ရွက်ရန်၊

- ရိုးရာအသိပညာ (Traditional Knowledge - TK) ၊ မျိုးရိုးဗီဇနှင့် ဆိုင်သောအရင်းအမြစ် (Genetic Resources - GR ) နှင့်ယဉ်ကျေးမှုဆိုင်ရာ ရိုးရာဖော်ပြချက် (Cultural Traditional Expressions - CTE) တို့တွင် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်စေရန်၊

## ၁-၄။ အခြေခံအဆောက်အဦဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး ( Infrastructure Development)

၄၆။ <u>ပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်ရေး</u> အာဆီယံဒေသအတွင်း ထိရောက်လုံခြုံမှုရှိသည့် ပို့ဆောင်ရေးပေါင်းစည်းမှု ကွန်ယက်တစ်ခုမှာ အာဆီယံလွတ်လပ်သော ဒေသဖြစ်ပေါ်ရေးအတွက် အရေးကြီး သကဲ့သို့ ဒေသတွင်း ထုတ်လုပ်မှု တစ်ခုတည်းဖြစ်ပေါ်စေရေး၊ ကမ္ဘာလှည့်ခရီးသွားလာရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်စေရေးနှင့် ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရေးတို့အတွက် အဓိကကျပါသည်။ အာဆီယံ ပို့ဆောင်ရေးသည် အာဆီယံဒေသအား အရှေ့မြောက်နှင့် တောင်အာရှနိုင်ငံများနှင့် ဆက်သွယ်ရာတွင်လည်း အရေးပါ ပါသည်။

၄၇။ ဒေသတွင်း ပို့ဆောင်ရေး လွယ်ကူစေရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှု လုပ်ငန်း (logistics services) တိုးမြှင့်ခြင်း၊ ပို့ဆောင်ရေး အခြေခံအဆောက်အအုံ ပုံစံအမျိုးမျိုးတိုးမြှင့်ခြင်း၊ ပို့ဆောင်ရေး နှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ပေါင်းစည်းမှု လွယ်ကူချောမွေ့ရေးနှင့် လေကြောင်းနှင့် ရေကြောင်းပို့ ဆောင်ရေးကဏ္ဍများတွင် ဖြေလျှော့မှုများ တိုးမြှင့်ခြင်းတို့ကို ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ လေကြောင်းဝန်ဆောင်မှု လုပ်ငန်းတွင် အပြည့်အဝ ဖြေလျှော့နိုင်မည့် မူဘောင်ကို မြန်ဆန်စွာ အကောင်အထည်ဖော်သင့်ပါသည်။

၄၈။ <u>ပို့ဆောင်ရေးပုံစံအမျိုးမျိုးနှင့်ပို့ဆောင်ရေး လွယ်ကူချောမွေ့စေရေး</u> အာဆီယံပို့ဆောင်ရေး ရေ့လုပ်ငန်းစဉ် (ASEAN Transport Action Plan - ATAP) ၂၀၀၅-၂၀၁၀ တွင် ရေကြောင်း၊ ကုန်းလမ်း နှင့် လေကြောင်း ပို့ဆောင်ရေးလွယ်ကူချောမွေ့ရေးလုပ်ငန်းများ ပါဝင်ပါသည်။ အဆိုပါ ရေ့လုပ်ငန်းစဉ်၌ လုပ်ငန်း (၄၈) ခုဖြင့် ရေးဆွဲထားပါသည်။

<u>ဆောင်ရွက်ရန်များ</u>

- ၂၀၀၉ ခုနှစ်မတိုင်မီ ကုန်စည်များ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးဆိုင်ရာ အာဆီယံ ဘောင်သဘောတူညီမှု စာချုပ် ( ASEAN Frame work Agreement on the Facilitation of Goods in Transit) အကောင်အထည်ဖော်ရန်၊
- ၂၀၁၀ ခုနှစ်မတိုင်မီ ပုံစံစုံသယ်ယူပို့ဆောင်ရေးဆိုင်ရာ အာဆီယံဘောင်သဘောတူညီမှုစာချုပ် (ASEAN Framework Agreement on Multimodal Transport) အကောင်အထည်ဖော်ရန်၊
- ၂၀၀၈ ခုနှစ်မတိုင်မီ နိုင်ငံအချင်းချင်း သယ်ယူပို့ဆောင်မှု လွယ်ကူချောမွေ့ စေရေးဆိုင်ရာ အာဆီယံဘောင် သဘောတူညီမှုစာချုပ် (ASEAN Framework Agreement on the Facilition of Inter-State Transport) ပြီးစီးရန်နှင့် ၂၀၁၀ ခုနှစ်တွင် အကောင်အထည်ဖော်ရန်

၄၉။ **ကုန်းလမ်းပို့ဆောင်ရေး** စင်္ကာပူ-ကူမင်းရထားလမ်းနှင့် အာဆီယံအဝေးပြေးလမ်းမကွန်ယက် စီမံကိန်းများကို ပြီးစီးအောင် ဦးစားပေးဆောင်ရွက်ရန် ဖြစ်ပါသည်။

**ဆောင်ရွက်ရန်များ**

- စင်္ကာပူ - ကူမင်းရထားလမ်းနှင့် အာဆီယံ အဝေးပြေးလမ်းမကွန်ယက် စီမံကိန်းများတွင် အဆက်ပြတ်နေသော လမ်းကြောင်းများ အားလုံးကို ပြီးစီးအောင်ဆောင်ရွက်ရန်နှင့်
- အာဆီယံ အဝေးပြေးလမ်းမကွန်ယက် စီမံကိန်းများ အကောင်အထည်ဖော်မှုကို ပြီးစီးအောင် ဆောင်ရွက်ရန်၊ အထူးသဖြင့် လမ်းဖောက်လုပ်ခြင်း၊ အာဆီယံ အဝေးပြေးလမ်းမ ကွန်ယက် စီမံကိန်း (AHN) ၏ သတ်မှတ်ထားသည့် ကူးပြောင်းပို့ဆောင်ရေး လမ်းကြောင်းများ (Transit Transport Routes) ၏အပိုင်းများဖြစ်သည့် အနိမ့်လမ်းများ ( below class III road ) ကို တိုးတက်ကောင်းမွန်စေရန်
- အာဆီယံဒေသအတွင်း လမ်းလုံခြုံမှု တိုးတက်ကောင်းမွန်စေရန်

၅၀။ **ပင်လယ်ရေကြောင်းနှင့် လေကြောင်းပို့ဆောင်ရေး** အာဆီယံ တစ်ခုတည်းသော သင်္ဘော ပို့ဆောင်ရေး ဈေးကွက် (ASEAN Single Shipping Market) အတွက် အထွေထွေ စည်းမျဉ်းများနှင့် မူဘောင်ချမှတ်ရန်၊ အာဆီယံတစ်ခုတည်းသော လေကြောင်းဈေးကွက်(ASEAN Single Aviation Market) ဖွံ့ဖြိုးရေးနှင့် အကောင်အထည်ဖော်ရန် ဖြစ်ပါသည်။

**ဆောင်ရွက်ရန်များ**

- သက်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ (International Maritime Organization) ကွန်ဗင်းရှင်းကို အကောင်အထည်ဖော်ရန်၊
- အာဆီယံဒေသအတွင်း ထိထိရောက်ရောက် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ပင်လယ်ရေကြောင်း ပို့ဆောင်ရေး လမ်းပြမြေပုံ (Roadmap towards an integrated and Competitive Maritime Transport in ASEAN) အကောင်အထည်ဖော်ရန်၊
- အာဆီယံဝေဟင်လွတ်လပ်စွာ အသုံးပြုမှု မူဝါဒ (ASEAN Open Sky Policy) အကောင်အထည်ဖော်ရန်
- အာဆီယံ တစ်ခုတည်းသော လေကြောင်းဈေးကွက် (ASEAN Single Aviation Market) အကောင်အထည်ဖော်ရန်။

၅၁။ **သတင်းအချက်အလက်ဆိုင်ရာအခြေခံအဆောက်အအုံ** ဒေသအတွင်း စီးပွားရေးတိုးတက်မှုနှင့် ယှဉ်ပြိုင်မှု ရေရှည်တည်တံ့ရေးအတွက် လုံခြုံစွာဆက်သွယ်နိုင်မည့် သတင်းအချက်အလက်ဆိုင်ရာ အခြေခံအဆောက်အအုံ တစ်ရပ်သည် အရေးကြီးပါသည်။ ဒေသအတွင်း သတင်းဆက်သွယ်ရေးနည်းပညာစနစ်များ ဆက်သွယ်ဆောင်ရွက်မှုနှင့် နည်းပညာကောင်းမွန် လွယ်ကူစေရန်အတွက် သတင်းအချက်အလက် အခြေခံအဆောက်အအုံတစ်ရပ် ဖြစ်ပေါ်ရန် ကြိုးပမ်းခဲ့ပါသည်။ အင်တာနက်သုံးစွဲမှု၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်မှု လုံခြုံရေးနှင့် ငွေပေးချေမှု တိုးတက်စေရေး အတွက်လည်း အလေးပေးဆောင်ရွက်ခဲ့ပါသည်။

၅၂။ **အမျိုးသား သတင်းအချက်အလက် အခြေခံအဆောက်အအုံ (National Information Infrastructure) အားလုံးတွင် အချင်းချင်းဆက်သွယ်မှု အရှိန်အဟုန်မြင့်မားရေး**

<u>ဆောင်ရွက်ရန်များ</u>

- ၂၀၁၀ ခုနှစ်မတိုင်မီ အမျိုးသားသတင်းအချက်အလက် အခြေခံအဆောက်အအုံအားလုံးတွင် အရှိန်အဟုန်မြင့်မားစွာဖြင့် ဆက်သွယ်နိုင်ရေးတွင်လွယ်ကူမှုရှိစေရန် နှင့်ဗီယင်ကျန်း ရေး့လုပ်ငန်းစဉ်တွင် သတ်မှတ်ထားသော သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာများ (ICT measures) အကောင်အထည်ဖော်ရန်
- အမျိုးသား အရေးပေါ် ကွန်ပျူတာ တုံ့ပြန်မှု အသင်းများအတွက် စွမ်းဆောင်ရည် မြင့်မားရန်၊ သင်တန်းအစီအစဉ်များကို အလေးပေးဆောင်ရွက်ရန်နှင့် ၂၀၀၇ ခုနှစ်အတွင်း အာဆီယံ ဆွေးနွေးဖက်နိုင်ငံများ ပါဝင်စေရန် အာဆီယံအမျိုးသား အရေးပေါ်ကွန်ပျူတာတုံ့ပြန်မှု အသင်းများ တိုးချဲ့ခြင်းအပါအဝင်စွမ်းဆောင်ရည်၊ ပူးပေါင်း ဆောင်ရွက်မှုနှင့် ဒေသအတွင်း ဆိုက်ဘာလုံခြုံရေး ကွန်ယက်တိုးမြှင့်ဆောင်ရွက်ရန်၊
- ဒေသအတွင်း သတင်းအချက်အလက်ဆိုင်ရာ အခြေခံအဆောက်အအုံအတွင်း သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာအသုံးပြုမှုနှင့် ဝန်ဆောင်မှုလုပ်ငန်း ဖွံ့ဖြိုးရေးတွင် လူပုဂ္ဂိုလ်များ၊ ရပ်ရွာလူမှုရေးအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုများအားလုံး ပါဝင်မှုကို အားပေးရန်၊
- ၎င်းတို့၏အကျိုးရှိသော စွမ်းရည်တိုးတက်မြင့်မားရေးအတွက် ကဏ္ဍအလိုက် သတင်းအချက်အလက်ဆက်သွယ်ရေး နည်းပညာအသုံးပြုမှု (အကောက်ခွန် လုပ်ငန်း၊ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်းနှင့် ဖျော်ဖြေရေးလုပ်ငန်း (content industry) ကဲ့သို့သော အဓိကကဏ္ဍများ) ကို ပံ့ပိုးကူညီရန်၊
- အာဆီယံ အဝေးဆက်သွယ်ရေး ပစ္စည်းများ အပြန်အလှန်အသိအမှတ်ပြုရေး သဘောတူညီချက်တွင် အာဆီယံနိုင်ငံများမှ ပိုမို ပါဝင်လာစေရန်နှင့်
- သတင်းအချက်အလက် နည်းပညာဆိုင်ရာ ပစ္စည်းများ/ဝန်ဆောင်မှုများ၊ သတင်းအချက်အလက်စနစ်များ၊ ကွန်ယက်ဆက်သွယ်မှုနှင့် ဆက်နွယ်လျက်ရှိသော ဝန်းကျင်များအကြား အချင်းချင်း အပြန်အလှန်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အနာဂတ်မျိုးဆက် ကွန်ယက်နယ်ပယ်အတွင်း အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်နိုင်မည့် ဒေသဆိုင်ရာ မူဝါဒနှင့် မူဘောင်ချမှတ်ရာတွင် အကျိုးနက်နဲမှုရှိစေရန်၊

၅၃။ **စွမ်းအင်ပူးပေါင်းဆောင်ရွက်မှု** ဇီဝလောင်စာ အပါအဝင် လုံခြုံစိတ်ချရသော စွမ်းအင်ရရှိမှုသည် စီးပွားရေးနှင့် စက်မှုလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် အထောက်အကူဖြစ်ရေးအတွက် အရေးကြီးပါသည်။ အာဆီယံသဘာဝဓါတ်ငွေ့ပိုက်လိုင်းနှင့် အာဆီယံမဟာဓါတ်အားလိုင်း စီမံကိန်းများတွင် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် ဒေသတွင်းစွမ်းအင် အရင်းအမြစ်များ ပိုမိုဖူလုံမှုရှိစေရန်နှင့် လုံခြုံမှုရှိစေရန် ဖြစ်ပါသည်။ အဆိုပါစီမံကိန်းများသည် ငွေကြေး၊ နည်းပညာလွှဲပြောင်းမှု အပါအဝင် ရင်းနှီးမြှုပ်နှံမှုတို့၌ ပုဂ္ဂလိကကဏ္ဍ ပါဝင်မှုအတွက် အခွင့်အလမ်းများကိုလည်း ပေးပါသည်။ မဟာဓါတ်အားလိုင်းကွန်ယက်ဆက်သွယ်မှုနှင့် ဓါတ်ငွေ့ပိုက်လိုင်းများသည် စွမ်းအင်ပေးဝေမှု အရည်အသွေးနှင့် လုံခြုံမှုတို့တွင် သိသာသည့် အကျိုးအမြတ်များကို ပေးပါသည်။

၅၄။ အာဆီယံ မဟာဓါတ်အားလိုင်းနှင့်အာဆီယံ သဘာဝဓါတ်ငွေ့ပိုက်လိုင်း ဖွံ့ဖြိုးမှုကို မြန်ဆန်စေရန် ဖြစ်ပါသည်။ မဟာဓါတ်အားလိုင်းတွင် လျှပ်စစ်ဓါတ်အားဆက်သွယ်မှု စီမံကိန်း (၁၄) ခုနှင့် အာဆီယံ သဘာဓါတ်ငွေ့ပိုက်လိုင်းတွင် ဓါတ်ငွေ့ပိုက်လိုင်းဆက်သွယ်မှု (၇) ခုပါဝင် ပါသည်။

ဆောင်ရွက်ရန်

- အာဆီယံ မဟာဓါတ်အားလိုင်းနှင့် အာဆီယံသဘာဝဓါတ်ငွေ့ပိုက်လိုင်း အကောင်အထည် ဖော်မှု အရှိန်အဟုန်မြှင့်တင်ရန်၊
- အာဆီယံမဟာဓါတ်အားလိုင်းနှင့်အာဆီယံသဘာဝဓါတ်ငွေ့ပိုက်လိုင်းတွင်ပုဂ္ဂလိကကဏ္ဍများ ပါဝင်မှုပိုမိုတိုးမြှင့်ရန်၊
- ဒေသအတွင်း ရေနံနှင့် သဘာဝဓါတ်ငွေ့ ဖူလုံစေရေးအတွက် အာဆီယံ၏ စွမ်းအင်လုံခြုံမှု ဆိုင်ရာ ဘောင်သဘောတူစာချုပ်ကို အပြီးသတ်ညှိနှိုင်းရေးဆွဲရန်၊

၅၅။ ၂၀၁၅ ခုနှစ် မတိုင်မီ အာဆီယံအသိုက်အဝန်း တစ်ခုတည်ထောင်ရန် အရှိန်အဟုန်မြှင့်တင်စဉ်တွင် ဖန်လုံအိမ် ဓါတ်ငွေ့ထွက်ရှိမှု လျော့ပါး၍ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုကို လျော့နည်းစေမည့် ထိရောက်သည့်မူဝါဒများ ချမှတ်ခြင်းဖြင့် ဖွံ့ဖြိုးမှု ရေရှည်တည်တံ့အောင် ဆောင်ရွက်ရန်အရေးကြီးပါသည်။ အာဆီယံအနေဖြင့် ဇီဝလောင်စာများကဲ့သို့ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သွယ်မှု တိုးမြှင့်ဖွင့်ပေးခြင်း၊ စွမ်းအင်ပြန်လည် ထုတ်လုပ်သည့်ကဏ္ဍနှင့် ဆက်စပ်လျက်ရှိသည့် စက်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် လွှယ်ကူမှု ရှိစေခြင်း၊ ပြန်လည်ထုတ်လုပ်သည့် စွမ်းအင် ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံ အဆောက်အအုံပိုင်းတွင် ရင်းနှီးမြှုပ်နှံခြင်း၊ အထောက်အကူပေးခြင်းနှင့် တိုးမြှင့်ခြင်း တို့ကိုလည်း အလေးပေး ဆောင်ရွက်ရန် လိုအပ်ပါသည်။

၅၆။ **သတ္တုကဏ္ဍတွင်ပူးပေါင်းဆောင်ရွက်မှု** အာဆီယံဒေသအတွင်း သတ္တုတွင်းကဏ္ဍ ဖွံ့ဖြိုးမှုရေရှည်တည်တံ့ရေးအတွက် ဘူမိဗေဒနှင့် သတ္တုတွင်းကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် စွမ်းဆောင်ရည်တိုးတက်ခိုင်မာစေရန်နှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်ရန်ဖြစ်ပါသည်။

ဆောင်ရွက်ရန်

- သတ္တုတွင်းကဏ္ဍတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်ဆောင်ရွက်ရန်
- အာဆီယံဒေသအတွင်း ဘူမိဗေဒနှင့် သတ္တုကဏ္ဍတွင် အဖွဲ့အစည်းနှင့် လူ့စွမ်းရည်တိုးတက်မြင့်မားမှုကို အလေးပေးဆောင်ရွက်ရန်
- သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးအရ ရေရှည်တည်တံ့မည့် သတ္တုကဏ္ဍဖွံ့ ဖြိုးမှုကို တိုးမြှင့်ရန်၊
- သတ္တုကဏ္ဍ ဖွံ့ ဖြိုးရေးတွင် ပုဂ္ဂလိကကဏ္ဍပါဝင်မှုကို အားပေးရန်၊

၅၇။ **အခြေခံအဆောက်အအုံ စီမံကိန်းများအတွက် ငွေကြေးပံ့ပိုးမှု** ငွေကြေးပံ့ပိုးမှုသည် စီးပွားရေး တိုးတက်မှုအတွက် အရေးပါသည့် အချက်တစ်ခုအဖြစ် အစဉ်အသိအမှတ် ပြုထားပါသည်။ အာဆီယံ စီးပွားရေးပေါင်းစည်းမှု ကြိုးပမ်းမှုများ အရှိန်အဟုန်မြှင့်တင်သကဲ့သို့ ဒေသဆိုင်ရာ အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးရေးတွင်လည်း ရင်းနှီးမြှုပ်နှံမှု ပိုမိုလိုအပ်ပါသည်။ သို့ဖြစ်ရာ ပုဂ္ဂလိကကဏ္ဍ ပါဝင်မှုကို ပိုမိုဆွဲဆောင်ရန်အတွက် ငွေကြေးကျခံမှုစနစ်များ စနစ်တကျတီထွင်ရန် အရေးကြီးပါသည်။

ဆောင်ရွက်ရန်

- အာဆီယံ မဟာဓါတ်အားလိုင်း၊ အာဆီယံ သဘာဝဓါတ်ငွေ့ပိုက်လိုင်း၊ စင်္ကာပူ-ကူမင်းရထားလမ်း နှင့် အာဆီယံအဝေးပြေးလမ်းမ ကွန်ယက်ကဲ့သို့သော ဒေသဆိုင်ရာအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးအတွက် ပုဂ္ဂလိကကဏ္ဍနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ ပိုမိုပါဝင်မှုကို တိုးမြှင့်ရန်၊
- ဒေသဆိုင်ရာ အခြေခံအဆောက်အအုံ စီမံကိန်းများအတွက် ငွေကြေးကျခံရာတွင် နယ်စပ်ဖြတ်ကျော်သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အတားအဆီးများကို ဖယ်ရှားရန် (သို့မဟုတ်) လျှော့ပေါ့ရန်၊

**ခ-၅။ အခွန်စည်းကြပ်မှုဆိုင်ရာ ကိစ္စရပ်များ** (Taxation)

၅၇။ ဆောင်ရွက်ရန်

- ၂၀၁၀ ခုနှစ်မတိုင်မီ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အခွန်နှစ်ထပ်ကွမ်း စည်းကြပ်မှု (double taxation) မှ ရှောင်ရှားရန်အတွက် နှစ်နိုင်ငံသဘောတူညီမှု ကွန်ယက်ကို ဖြစ်နိုင်သရွေ့ ပြီးစီးအောင် ဆောင်ရွက်ရန်၊

**ခ-၆။ အီလက်ထရောနစ် ဆက်သွယ်ရေးနည်းဖြင့် ကူးသန်းရောင်းဝယ်ခြင်း** (E-commerce)

၅၈။ အာဆီယံဒေသအတွင်း အီလက်ထရောနစ် ဆက်သွယ်ရေးဖြင့် ကူးသန်းရောင်းဝယ်မှုအတွက် မူဝါဒနှင့် ဥပဒေအခြေခံ အဆောက်အအုံ ချမှတ်ရန်နှင့် ကုန်စည်ကုန်သွယ်မှုကို on-line မှတစ်ဆင့် ပြုလုပ်နိုင်ရန်အတွက် အီး-အာဆီယံ အခြေခံဘောင်သဘောတူစာချုပ် (e-ASEAN Framework Agreement) ကို အကောင်အထည်ဖော်၍ ၎င်းဘောင်သဘောတူစာချုပ်ပါ အချက်များကို အခြေပြုဆောင်ရွက်ရန် ဖြစ်ပါသည်။

ဆောင်ရွက်ရန်

- ဆက်သွယ်ရေးဆိုင်ရာယှဉ်ပြိုင်မှု မူဝါဒများ အကောင်အထည်ဖော်ရန်နှင့် အီလက်ထရောနစ် ဆက်သွယ်ရေးနည်းဖြင့် ကူးသန်းရောင်းဝယ်မှုဆိုင်ရာ ပြည်တွင်းဥပဒေများ ပြုစုရေးကို ပံ့ပိုးရာတွင် အကောင်းဆုံးနည်းလမ်းများ ချမှတ်ရန်၊
- အီလက်ထရောနစ်ဖြင့် စာချုပ်ချုပ်ဆိုခြင်းနှင့် အငြင်းပွားမှုဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ခြင်းတို့ အတွက် ဥပဒေရေးရာ အခြေခံအဆောက်အအုံ ညီညွတ်စေရန်၊
- အာဆီယံဒေသအတွင်း အီလက်ထရောနစ် ဆက်သွယ်ရေးနည်းဖြင့် စာချုပ်ချုပ်ဆိုခြင်း၊ အငြင်းပွားမှု ဆုံးဖြတ်ချက်များဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများအတွက် မူဝါဒလမ်းညွှန်ချက်များနှင့် digital signatures များ အပြန်အလှန် အသိအမှတ်ပြုခြင်းဆိုင်ရာ မူဘောင်ချမှတ်ရန်တို့အတွက် ပိုမိုကောင်းမွန်သည့် လမ်းညွှန်ချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန်၊
- အာဆီယံဒေသအတွင်း digital signatures အပြန်အလှန် အသိအမှတ်ပြုခြင်းအတွက် ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေရန်၊
- အများသဘောတူထားသည့် မူဘောင် (common framework) ကိုအခြေခံ၍ စည်းမျဉ်းစည်းကမ်းနှင့် စံချိန်စံညွှန်းများတွင် အကောင်းဆုံးနည်းလမ်းနှင့် လမ်းညွှန်ချက်များ ချမှတ်နိုင်ရန်အတွက် လေ့လာရန်နှင့် တွန်းအားပေးရန်၊
- ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်စေရန်အတွက် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများရှိ လုပ်ငန်းများအကြား ဆက်သွယ်ဆွေးနွေးသည့် ကွန်ယက်စနစ်ထားရှိရန်၊

## ၈။ စီးပွားရေး ဖွံ့ဖြိုးမှုမျှတသောဒေသ (Equitable Economic Development)

### ၈-၁။ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု (SME Development)

၆၀။ အာဆီယံဒေသအတွင်း အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မူဘောင်ကို အာဆီယံ အသေးစားနှင့် အလတ်စား လုပ်ငန်းများဆိုင်ရာ မူဝါဒပုံစံ (၂၀၀၄-၂၀၁၄) ဖြင့် ချမှတ်ခဲ့ပါသည်။ အဆိုပါမူဘောင်တွင် ဗျူဟာမြောက်အစီအစဉ်များ၊ မူဝါဒဆိုင်ရာ အရေးယူဆောင်ရွက်မှုများနှင့် မျှော်မှန်းထားသည့် ရလဒ်များ ပါဝင်ပါသည်။ မူဘောင်၏ ရည်ရွယ်ချက်များမှာ-

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ခြားနားမှုအလိုက် အသင့်လျော်ဆုံးဖြစ်စေမည့် အသေးစားနှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြင့်ဆောင်ရွက်ရန်၊

(ခ) သတင်းအချက်အလက်များ၊ ဈေးကွက်၊ လူသားအရင်းအမြစ်၊ ဘဏ္ဍာရေးနှင့် နည်းပညာရရှိရေးတို့ ပံ့ပိုးပေးခြင်းဖြင့် အာဆီယံ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းအားနှင့် ထက်မြက်တက်ကြွမှုကို ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဂ) အထွေထွေစီးပွားရေး အခြေအနေ ဆိုးဝါးမှု၊ ဘဏ္ဍာရေးအခက်အခဲဖြစ်မှု၊ ပိုမိုလွတ်လပ်သော ကုန်သွယ်မှုဝန်းကျင်၏ စိန်ခေါ်မှုများကို အာဆီယံအသေးစားနှင့် အလတ်စား လုပ်ငန်းများ ခံနိုင်ရည်ရှိရန်အတွက် အားဖြည့်ပေးရန်၊

(ဃ) အာဆီယံဒေသတစ်ဝှမ်းလုံး ဘက်စုံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အာဆီယံအသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ပါဝင်မှုတိုးမြှင့်ရန်တို့ ဖြစ်ပါသည်။

<u>**ဆောင်ရွက်ရန်**</u>

- အသေးစားနှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အာဆီယံ မူဝါဒပုံစံဆိုင်ရာ ၂၀၀၄ - ၂၀၁၄ (APBSD) ပုံစံကို အချိန်မီ အကောင်အထည်ဖော်ရေး၊
- ဒေသတွင်းထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုကွန်ယက်တည်ဆောက်ရေးတွင် အာဆီယံအသေးစားနှင့် အလတ်စားလုပ်ငန်းများ ပါဝင်လာရေးနှင့် အဆိုပါလုပ်ငန်းများ၏ ကွန်ယက်ကို မြှင့်တင်နိုင်ရေးနှင့်
- အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးကဏ္ဍအပါအဝင် အကောင်းဆုံး လက်တွေ့လုပ်ဆောင်မှုများကို မြှင့်တင်ရေးတို့ဖြစ်ပါသည်။

### ၈-၂။ အာဆီယံ ကနဦးပေါင်းစည်းရေး အစီအစဉ်
### (Initiative for ASEAN integration - IAI)

၆၁။ အာဆီယံ အဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးမှုအဆင့် ကွဲပြားခြားနားခြင်းကြောင့် ဒေသတွင်းပေါင်းစည်းမှုကို နက်ရှိုင်းကျယ်ပြန့်စွာ ဆောင်ရွက်ရန်လိုအပ်ပါသည်။ ဤသို့ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးမှုကွာဟချက် လျော့ပါးရန်နှင့် ဖွံ့ဖြိုးမှုနောက်ကျသည့် အဖွဲ့ဝင်နိုင်ငံများ စီးပွားရေးပေါင်းစည်းမှု အရှိန်မြှင့်တင်ရန်အတွက် နည်းပညာနှင့် ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ပြီး အာဆီယံပေါင်းစည်းမှု၏ အသီးအပွင့်ကို အဖွဲ့ဝင်နိုင်ငံတိုင်း မျှဝေခံစားနိုင်မည် ဖြစ်ပါသည်။ ထိုသို့အားဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးပါဝင်သည့် ညီညွတ်သည့် သဘောကိုလည်း ဆောင်မည်ဖြစ်ပါသည်။

၆၂။ ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာလမှ စတင်ခဲ့သည့် အာဆီယံပေါင်းစည်းမှု အစီအစဉ် (IAI) ဖြစ်သော ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေမည့် ဆောင်ရွက်မှုများ၏ စုစည်းမှုနှင့် ဦးတည်ချက်များကို ပိုမိုထက်မြက်စေခဲ့ပါသည်။ အဆိုပါ ဆောင်ရွက်မှုများသည် အာဆီအဖွဲ့ဝင်နိုင်ငံများ အချင်းချင်းသာမက အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်များကို နည်းပါးစေရန် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ လက်ရှိအခြေအနေတွင် အာဆီယံပေါင်းစည်းမှုအစီအစဉ် (IAI) အနေဖြင့် အောက်ပါဦးစားပေး ကဏ္ဍများကို ဆောင်ရွက်လျက်ရှိပါသည်။

- အခြေခံ အဆောက်အအုံ တည်ဆောက်ရေး၊
- လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊
- သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ
- ဒေသဆိုင်ရာ စီးပွားရေးပေါင်းစည်းမှုအတွက် စွမ်းရည် မြှင့်တင်ရေး၊
- စွမ်းအင်၊
- ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင် အခြေအနေ၊
- ခရီးသွားလုပ်ငန်း၊
- ဆင်းရဲမှု လျော့ကျစေရေး၊
- လူမှုဘဝ အဆင့်အတန်း မြင့်မားစေရေး၊

၆၃။ အာဆီယံ စီးပွားရေး အသိုက်အဝန်းကို အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရမည့် စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန်အတွက် စီ၊ အယ်လ်၊ အမ်၊ ဗွီ (CLMV) နိုင်ငံများအနေဖြင့်စီးပွားရေး တိုးတက်ရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်းအား ခိုင်မာရေး၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု တိုးတက်စေရေးနှင့် ပုဂ္ဂလိကလုပ်ငန်းများ တိုးတက်စေရေး တို့အတွက် မူဝါဒများ ချမှတ်ရန်ဖြစ်ပါသည်။

**ဆောင်ရွက်ရန်**

- အာဆီယံနိုင်ငံများ အထူးသဖြင့် စီ၊ အယ်လ်၊ အမ်၊ ဗွီ (CLMV) နှင့်အခြားဒေသခွဲများ၏ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့အတွက် ကျွမ်းကျင်မှုအကူအညီနှင့် စွမ်းဆောင်ရန် တည်ဆောက်ရေး အစီအစဉ်များသတ်မှတ် အကောင်အထည်ဖော်ရာတွင် အာဆီယံပေါင်းစည်းမှု အစီအစဉ်ကိုအခြေခံ၍ ဒေသဆိုင်ရာထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုကွန်ယက်တွင် တန်းတူရည်တူ အဖွဲ့ဝင်များအဖြစ် ခွင့်ပြုရန်၊
- ဘရူးနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်္ကာပူနှင့် ထိုင်းနိုင်ငံတို့ အနေဖြင့် အာဆီယံ ပေါင်းစည်းမှု အစီအစဉ်ကို ဆက်လက်အကူအညီ ပေးရန်၊
- အာဆီယံပေါင်းစည်းမှုအစီအစဉ် ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရေးအတွက် ဆွေးနွေးဖက်နိုင်ငံများ၊ ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ် စသည့် နိုင်ငံတကာအဖွဲ့ အစည်းများ၏ အကူအညီကို စုစည်းထားရန်၊
- စီးပွားရေးပေါင်းစည်းမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများကို လျော့ပါးစေမည့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာမူဝါဒများ ချမှတ်အကောင်အထည်ဖော်နေသည့် အစိုးရ အရာထမ်းများ၏ စွမ်းဆောင်ရန်မြှင့်တင်ပေးရန်၊
- စီးပွားရေးပေါင်းစည်းမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများကို ကြိုးကြပ်/တွက်ချက် သတ်မှတ်နိုင်ရန် အချိန်အခါအလိုက် လူမှုစီးပွားရေး လေ့လာမှုများကို ဆောင်ရွက်ရန်၊

## ဃ။ ကမ္ဘာလုံးဆိုင်ရာစီးပွားရေးတွင် အပြည့်အဝပါဝင်ပေါင်းစည်းသောဒေသ (Intergration into the Global Economy)

၆၄။ အာဆီယံသည် ကမ္ဘာ့ပတ်ဝန်းကျင်တွင် အပြန်အလှန်မှီခိုအားထားနေရသည့် ဈေးကွက်များ၊ ကမ္ဘာ့အကြီးစား စက်မှုလုပ်ငန်းကြီးများနှင့်အတူ လုပ်ကိုင်ဆောင်ရွက်မှုမှာ တစ်နေ့ထက်တစ်နေ့ တိုးတက်လျက် ရှိပါသည်။ အာဆီယံ စီးပွားရေးလုပ်ငန်းများ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်ရန် အလို့ငှာ အာဆီယံဒေသအား ပိုမိုအင်အား တောင့်တင်းသော ကမ္ဘာ့ထောက်ပံ့မှု ပေးနိုင်သည့်ဒေသကြီးဖြစ်စေရန်နှင့် ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်သော ဒေသအဖြစ် ဆက်လက်တည် ရှိစေရန် အာဆီယံ အနေဖြင့် အာဆီယံ

စီးပွားရေး အသိုက်အဝန်းပုံစံပါ ရည်မှန်းချက်ထက်ကျော်လွန်၍ ရှုမြင်ရန် အရေးကြီးပေသည်။ အာဆီယံ စီးပွားရေး အသိုက်အဝန်းထူထောင်ရေးဆိုင်ရာ မူဝါဒများ ချမှတ်ရာတွင် ပြင်ပနိုင်ငံများ၏ စည်းမျဉ်း၊ ဥပဒေများကို ပိုမိုထည့်သွင်းစဉ်းစားရန်လိုအပ်ပါသည်။

### ဃ-၁။ ပြင်ပစီးပွားရေး ဆက်ဆံမှုများအတွက် ကျိုးကြောင်းဆီလျော်သော နည်းလမ်း (Coherent Approach towards External Economic Relations)

၆၅။ အာဆီယံသည် ပြင်ပစီးပွားရေး ဆက်ဆံမှုပြုရာတွင် အာဆီယံ၏အချက်အချာကျမှုကို ထိန်းသိမ်းလျက် ဆွေးနွေးဖက်နိုင်ငံများနှင့် ဆွေးနွေးလျက်ရှိသည့် လွတ်လပ်စွာကုန်သွယ်မှု သဘောတူညီချက် (FTA Agreements) များနှင့် ဘက်စုံစီးပွါးရေး ပူးပေါင်း ဆောင်ရွက်မှု သဘောတူညီချက် (Comprehensive Economic Partnership (CEPs) Agreements) များအပါအဝင် အောက်ပါအတိုင်း လုပ်ဆောင်ရန် ဖြစ်ပါသည်။

ဆောင်ရွက်ရန်

- လွတ်လပ်စွာကုန်သွယ်မှု သဘောတူညီချက် (FTA) နှင့် ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (CEPs) ကတိကဝတ်များအားဒေသတွင်း ပေါင်းစည်းမှုဆိုင်ရာ ကတိကဝတ်များနှင့် ချင့်ချိန်သုံးသပ်ရန်၊
- အာဆီယံ ပြင်ပစီးပွားရေးဆက်ဆံမှုနှင့် ဒေသဆိုင်ရာ၊ အပြည်ပြည်ဆိုင်ရာအဆင့်တွင် တူညီသောနည်းလမ်း/အနေအထားသို့ ရောက်ရှိရေးနှင့်ညှိနှိုင်းဆောင်ရွက်မှု တိုးမြှင့်စေရေး အတွက် စနစ်တစ်ခု တည်ထောင်ရန်၊

### ဃ-၂။ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ဖြည့်ဆည်းမှု ကွန်ယက်၌ ပူးပေါင်းပါဝင်မှု တိုးမြှင့်ခြင်း (Enhanced participation in global supply networks)

၆၆။ အာဆီယံသည် ကမ္ဘာလုံးဆိုင်ရာ ထောင်ပံ့မှုကွန်ယက်၌ ပူးပေါင်းပါဝင်မှုတိုးမြှင့်ရန် အောက်ပါအတိုင်း လုပ်ဆောင်ရမည် ဖြစ်ပါသည်။

ဆောင်ရွက်ရန်

- နိုင်ငံတကာ ကုန်စည်ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုဆိုင်ရာ အကောင်းဆုံး စနစ်များနှင့် စံနှုန်းများအား ဖြစ်နိုင်သရွေ့ အသုံးပြုရန်၊
- ဖွံ့ဖြိုးမှု အဆင့်နိမ့်သေးသော အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ၎င်းတို့၏ စက်မှုစွမ်းဆောင်ရည် နှင့် ထုတ်လုပ်မှု စွမ်းအားတိုးမြှင့်ပြီး ဒေသဆိုင်ရာနှင့် ကမ္ဘာ့ပေါင်းစည်းမှုတွင် ပါဝင်နိုင်ရန် ဘက်စုံနည်းပညာ အကူအညီပေးမည့် ပုံစံကိုဖော်ထုတ်ရန်၊

## ၃ • အကောင်အထည်ဖော်ခြင်း (Implementation)

၆၇။ ပိုမိုနက်နဲပြည့်စုံသော စီးပွားရေးပေါင်းစည်းမှုတစ်ရပ်အတွက် အရေးပါသော အချက်များပါဝင်သည့် နည်းဗျူဟာမြောက် အချိန်ဇယား (strategic schedule) သည် ဤအာဆီယံစီးပွားရေး အသိုက်အဝန်း ပုံစံ၏ အဓိကလိုအပ်သည့် အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ သက်ဆိုင်ရာ ကဏ္ဍအလိုက် တာဝန်ရှိသူများ၊ အစိုးရ၊ ပုဂ္ဂလိကကဏ္ဍမှ တာဝန်ရှိသူများ၏ အကြံဉာဏ်များရယူ၍ ဆွေးနွေးညှိနှိုင်းခြင်း၊ အာဆီယံစီးပွားရေး အသိုက်အဝန်းပုံစံအပေါ် သုံးသပ်၍ နည်းဗျူဟာမြောက် အချိန်ဇယားသည် အထက်ဖော်ပြပါ အစီအမံများ၊ အစီအစဉ်များ၊ ကဏ္ဍများအချင်းချင်း ဆက်နွယ်အရေးပါမှုများနှင့် ကိုက်ညီမှုရှိစေခြင်းနှင့် အာဆီယံစီးပွားရေး အသိုက်အဝန်းပုံစံကို ပိုမိုသိမြင်နားလည်မှုကို တိုးမြှင့်ရန်အတွက် ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

၆၈။ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများမှ အမျိုးသားအဆင့်တွင် ပိုမိုအသေးစိတ်ကျသည့် လုပ်ငန်းအစီအစဉ်များရေးဆွဲအကောင်အထည်ဖော်မှုကို ကြီးကြပ်ရန်တာဝန်ရှိမည်ဖြစ်ပြီး၊ သက်ဆိုင်ရာ ကဏ္ဍအလိုက် အဖွဲ့အစည်းများမှလည်း အထက်ဖော်ပြပါ အစီအစဉ်နှင့်အစီအမံများ အကောင်အထည်ဖော်မှုကို ဆွေးနွေးညှိနှိုင်းမည် ဖြစ်ပါသည်။ ပေါင်းစည်းမှုလုပ်ငန်းအဆင့်ဆင့်တွင် stakeholder အားလုံးပါဝင်ရန် လိုအပ်ပါက ဒေသအတွင်းနှင့် အမျိုးသားအဆင့်တွင် ပုဂ္ဂလိကကဏ္ဍ၊ စက်မှုလုပ်ငန်းများ၊ ရပ်ရွာလူမှုရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များကိုလည်း တက်ကြွစွာ ကြိုးပမ်းဆောင်ရွက်မည် ဖြစ်ပါသည်။

၆၉။ အဆိုပါ အစီအစဉ်များနှင့် အစီအမံများ အောင်မြင်စွာ အကောင်အထည်ဖော်ရန်အတွက် လိုအပ်သည့် အဖွဲ့အစည်းများ (သို့မဟုတ်) ယန္တရားများ၊ အရင်းအမြစ်များ၊ စွမ်းဆောင်ရည်နှင့် political will တို့သည် အာဆီယံစီးပွားရေးအသိုက်အဝန်း တည်ဆောက်ရေးလမ်းစဉ်ကိုပံ့ပိုးမှု ပေးမည်ဖြစ်ပါသည်။

## က။ အကောင်အထည်ဖော်မှုယန္တရား (Implementation Mechanism)

၇၀။ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဝန်ကြီးဌာန အဖွဲ့အစည်းများ (Ministerial bodies) က အာဆီယံစီးပွားရေး အသိုက်အဝန်းပုံစံကို အကောင်အထည်ဖော်ခြင်း၊ ကတိကဝတ်အတိုင်း ဆောင်ရွက်ခြင်း ရှိ-မရှိ ကြပ်မတ် ကြည့်ရှုခြင်းရှိပါမည်။ အာဆီယံ စီးပွားရေးဝန်ကြီးများသည် အာဆီယံ စီးပွားရေးပေါင်းစည်းမှု Ministers -in -Charge of Economic Integration အဖြစ်တာဝန် ယူပြီး အာဆီယံ စီးပွားရေး အသိုက်အဝန်းကောင်စီတွင် စီးပွားရေးပေါင်းစည်းမှုအတွက် ဦးဆောင်မှုပေး၍ အကောင် အထည်ဖော်မှု အားလုံးကို ကြီးကြပ်ရန် အတွက်တာဝန်ရှိမည် ဖြစ်ပါသည်။

၇၁။ အာဆီယံစီးပွားရေး အသိုက်အဝန်းပုံစံကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် အောက်ပါ နည်းဗျူဟာမြောက် ရေ့လုပ်ငန်းစဉ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အကောင်အထည်ဖော်မည် ဖြစ်ပါသည်။

**<u>ဆောင်ရွက်ရန်</u>**

- အာဆီယံစီးပွားရေး အသိုက်အဝန်းပုံစံကို အချိန်မီ အကောင်အထည်ဖော်ရာတွင် ဖြစ်ပေါ်လာသည့် ကိစ္စရပ်များ (issues) အပေါ် HLTF မှ အာဆီယံစီးပွားရေးဝန်ကြီးသို့ နည်းဗျူဟာမြောက် အကြံဉာဏ်များပေးရန်၊
- အာဆီယံစီးပွားရေး အသိုက်အဝန်းပုံစံ အကောင်အထည်ဖော်ရာတွင် ဖြစ်ပေါ်လာသည့် ကိစ္စရပ်များ အပေါ်ညှိနှိုင်းဖြေရှင်းနိုင်ရန် ကဏ္ဍအလိုက်အဖွဲ့အစည်းများနှင့် ပုံမှန်တိုင်ပင် ညှိနှိုင်းရန်၊
- အာဆီယံ အတွင်းရေးမှူးချုပ်မှ အာဆီယံစီးပွားရေးအသိုက်အဝန်း ဖြစ်ပေါ်တိုးတက်မှု အစီရင်ခံစာကို သက်ဆိုင်ရာဝန်ကြီးအဆင့် အစည်းအဝေးများနှင့် ထိပ်သီးအစည်းအဝေးသို့ တင်ပြရန်၊

၇၂။ အကောင်အထည်ဖော်မှုအစီအစဉ်များ တိုးမြှင့်ခြင်း၌၊ အာဆီယံစီးပွားရေး အသိုက်အဝန်းပုံစံနှင့် အခြားသတ်မှတ်ချက်များတွင် ပါဝင်သည့် အာဆီယံစီးပွားရေး ဆောင်ရွက်မှု (ASEAN economic initiatives) အားလုံးအတွက် ဆုံးဖြတ်ချက်ချမှု အဆင့်ဆင့်တွင် အောက်ပါအစီအမံများကို ဆောင်ရွက်ရန် ထောက်ခံပါသည်။

- အာဆီယံစီးပွားရေး သဘောတူစာချုပ်များအောက်ရှိ အသိပေးခြင်းဆိုင်ရာ အစီအစဉ် (notification procedures) များထင်သာမြင်သာ ရှိစေရန်နှင့် တိုးတက်ကောင်းမွန်မှု ရှိစေရန် အတွက်ဆောင်ရွက်ရန်
- လက်မှတ်ရေးထိုးပြီး ၆ လ အတွင်း ဥပဒေအရ အတည်ပြုရန်

- စီးပွားရေးဌာနများ (economic bodies) မှဆုံးဖြတ်ချက်ချခြင်း လုပ်ငန်းစဉ်ကို တူညီဆန္ဒရယူပြီး ဆောင်ရွက်ရန်နှင့် တူညီဆန္ဒ ရယူနိုင်ခြင်းမရှိပါက ဆုံးဖြတ်ချက်ချရန် မြန်ဆန်မည့် အခြားနည်းလမ်းများ (options) ကို အာဆီယံမှ စဉ်းစားပေးရန်၊
- စည်းမျဉ်းနှင့်အညီဆောင်ရွက်သည့် အသိုက်အဝန်း (rules- based community) ကို တိုးမြှင့်ရန်အတွက် အငြင်းပွါးမှုဆိုင်ရာ ယန္တရားကို အသုံးပြုရန်၊
- သဘောတူညီပြီးသည့် စီးပွားရေးဆောင်ရွက်မှု (economic intiatives) တိုးမြှင့်ရန်အတွက် အာဆီယံ အနုတ်အိပ်စ် ("ASEAN" - "X") နည်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊
- ကြိုတင်သဘောတူညီပြီးသည့် ပျော့ပြောင်းမှု (flexibility) သည် အာဆီယံစီးပွားရေး အသိုက်အဝန်း အကောင်အထည်ဖော်မှုနှင့် ကိုက်ညီစေသင့်ပြီး၊ အာဆီယံစီးပွားရေး အသိုက်အဝန်း အကောင်အထည်ဖော်မှုနှင့် ဖြစ်ပေါ်တိုးတက်မှုအားလုံးကို နှောင့်နှေးမှု မရှိစေရန်၊

၇၃။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အာဆီယံစီးပွားရေး အသိုက်အဝန်းတည်ဆောက်ရန် အထက်ဖော်ပြပါ အစီအစဉ်များနှင့် အစီအမံများ အကောင်အထည်ဖော် တိုးတက်မှုအား စောင့်ကြည့်စစ်ဆေးခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများအား ဖြန့်ဝေပေးပို့ခြင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ အာဆီယံအတွင်းရေးမှူးချုပ်သည် အာဆီယံစီးပွားရေး အသိုက်အဝန်းပုံစံ အကောင်အထည်ဖော်မှုအား စိစစ်ခြင်းနှင့် ကိုက်ညီမှု ရှိ-မရှိ စောင့်ကြည့်စစ်ဆေးခြင်း တို့ကိုဆောင်ရွက်မည်ဖြစ်ပါသည်။

**ဆောင်ရွက်ရန်**

- integrated tariff and trade data database system အပါအဝင် စာရင်းအင်းအညွှန်းကိန်းများတစ်စုံထားရှိ၍ ထိန်းသိမ်းခြင်း၊ satatistics and data quality issues များညီညွတ်မျှတမှု ရှိစေခြင်းနှင့် AEC scorecards တွင်ဖြည့်စွက်၍ အာဆီယံစီးပွားရေးအသိုက်အဝန်း၏ အစိတ်အပိုင်း တစ်ခုချင်းအလိုက် အကောင်အထည်ဖော်မှုပြီးစီးမှုကို ကြပ်မတ်ကြည့်ရှုကြရန်၊

၇၄။ **ဘဏ္ဍာရေး ကဏ္ဍ**

**ဆောင်ရွက်ရန်**

- နိုင်ငံခေါင်းဆောင်များသို့ ဖြစ်ပေါ်တိုးတက်မှု ပုံမှန်အစီရင်ခံစာတင်ပြရန်အတွက် သင့်လျော်သည့်အကောင်အထည်ဖော်မှု ယန္တရားတစ်ခုထူထောင်ရန်၊

## ခ။ အရင်းအမြစ်များ (Resources)

၇၅။ သုတေသနနှင့် စွမ်းဆောင်ရည် တိုးတက်မြှင့်မားရေး ကူညီပံ့ပိုးမှုများ စုစည်းရရှိရန် ဖြစ်ပါသည်။

**ဆောင်ရွက်ရန်**

- အဖွဲ့ဝင်နိုင်ငံများ ထည့်ဝင်ငွေဖြင့် ထူထောင်ထားသည့် အာဆီယံဖွံ့ဖြိုးမှု ရန်ပုံငွေအဖွဲ့ (ASEAN Development Fund) သည် ရန်ပုံငွေထည့်ဝင်မှုရှိသော အာဆီယံနိုင်ငံနှင့် အာဆီယံမဟုတ်သည့် နိုင်ငံများမှ အရင်းအမြစ်များကို ဆွဲဆောင်နိုင်စေရန်၊
- အာဆီယံ စီးပွားရေး အသိုက်အဝန်းပုံစံကို အကောင်အထည်ဖေါ်ရာ၌ လွယ်ကူမှုရှိစေရန်အတွက် လိုအပ်သည့် နည်းပညာဆိုင်ရာ လေ့လာမှုများ(သို့မဟုတ်) သင်တန်းအစီအစဉ်များ၊ စွမ်းဆောင်ရည် မြင့်မားရေး အထောက်အကူပြုမှုများကို သတ်မှတ်အကောင်အထည်ဖေါ်ရန်၊

- အာဆီယံစီးပွားရေးအသိုက်အဝန်းပုံစံ၏ မဏ္ဍိုင်နှင့် ရည်မှန်းချက်များကို အမျိုးသားအဆင့် မဏ္ဍိုင်နှင့် ရည်မှန်းချက်များအနေဖြင့် ၎င်းတို့၏အမျိုးသားဖွံ့ဖြိုးမှုစီမံကိန်းများတွင် ပူးပေါင်း ပါဝင်ဆောင်ရွက်ရန်၊
- ဒေသဆိုင်ရာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးစီမံကိန်းများတွင် အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ်/ အပြည်ပြည်ဆိုင်ရာ ငွေကြေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (IFC) ဆွေးနွေးဖက် (သို့မဟုတ်) ကုန်သွယ်ဖက်နိုင်ငံများနှင့် ပုဂ္ဂလိက ကဏ္ဍပါဝင်မှုတို့ကို ပိုမိုပါဝင်လာစေရန်၊
- အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အာဆီယံ စီးပွားရေးအသိုက်အဝန်းနှင့် သက်ဆိုင်သည် လုပ်ငန်းနယ်ပယ်များတွင် သုတေသနနှင့် စီမံကိန်းဆိုင်ရာ စွမ်းဆောင်ရည် ပိုမိုခိုင်မာရေး တိုးချဲ့ ဆောင်ရွက်ရန်၊
- အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံချင်းစီ၏ သုတေသနစွမ်းဆောင်ရည်များနှင့် လူသားအရင်း အမြစ် ဖွံ့ဖြိုးတိုးတက်မှုကို ခိုင်မာစေရန် နှင့်
- အဖွဲ့ဝင်နိုင်ငံအသစ်များ၏ငွေကြေးဈေးကွက်ဖွံ့ဖြိုးရေးနှင့် မှုဘောင်ချမှတ်မှုတိုးတက် မြင့်မား ရေးကို ကူညီပံ့ပိုးရန်အတွက် သင့်လျော်သည့် စွမ်းဆောင်ရည် တိုးတက်မြင့်မားရေး အစီ အစဉ်များကို ရေးဆွဲဖော်ထုတ်ရန်၊

## ဂ။ ဆက်သွယ်ရေးလုပ်ငန်းများ (Communications)

၇၆။ အာဆီယံ စီးပွားရေး အသိုက်အဝန်းပုံစံ အောင်မြင်စွာ တည်ထောင်နိုင်ရေးအတွက် ပေါင်းစည်းမှု အဆင့်ဆင့်တိုင်းတွင် သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံး (all stakeholders) ပါဝင်ရန် လိုအပ်ပါ သည်။ အာဆီယံစီးပွားရေး အသိုက်အဝန်းပုံစံ ရေးဆွဲရာတွင်သက်ဆိုင်ရာအဖွဲ့အစည်းများ အားလုံး ပါဝင်ရန်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးတွင် အာဆီယံစီးပွားရေး အသိုက်အဝန်းကို လူထုပိုမို သိမြင် နားလည်နိုင်ရန် ကောင်းမွန်သောဆက်သွယ်ရေး အစီအစဉ်တစ်ရပ် လိုအပ်ပါသည်။ ထိုနည်းတူ အာဆီယံစီးပွားရေးအသိုက်အဝန်း တည်ဆောက်ဖြစ်ပေါ် တိုးတက်မှုကိုလည်း အဖွဲ့အစည်းများအားလုံး၊ စီးပွားရေးအသိုက်အဝန်းများနှင့် အာဆီယံ လူထုအပါအဝင် သိရှိရန် လိုအပ်ပါသည်။

<u>ဆောင်ရွက်ရန်</u>

- အာဆီယံ စီးပွားရေး အသိုက်အဝန်း၏ ရည်ရွယ်ချက်များ၊ အကျိုးအမြတ်များနှင့် စိန်ခေါ်မှု များကို အစိုးရအရာထမ်းများ၊ အဓိကအဖွဲ့အစည်းများနှင့် လူထုအား ရှင်းလင်းတင်ပြရန် အတွက် ဘက်စုံဆက်သွယ်ရေး စီမံကိန်းတစ်ခုကို စတင်ဆောင်ရွက်ရန်၊
- အာဆီယံ စီးပွားရေး အသိုက်အဝန်း အကောင်အထည်ဖော်ရာ၌ ပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်း ရန် နှင့် သတင်းအချက်အလက် ဖလှယ်နိုင်ရန်အတွက် ဒေသဆိုင်ရာ လမ်းကြောင်း (regional platform) တစ်ခုဖော်ထုတ်ရန်၊
- အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် ပေါင်းစည်းရေးလုပ်ငန်းစဉ်တွင် ဖြစ်ပေါ်လာသည့်ကိစ္စရပ်များနှင့် ရလဒ်များကို ပုံမှန်အစီရင်ခံရန်အတွက် အမျိုးသားအဆင့် ယန္တရားတစ်ခု တည်ဆောက်ရန်၊
- လူအများသိရှိနိုင်ရန်အတွက် အာဆီယံစီးပွားရေးအသိုက်အဝန်း ဆက်သွယ်ရေး ကွန်ယက် တစ်ခုဖန်တီး၍ လမ်းကြောင်းတစ်ခု (additional channel) စီစဉ်ထည့်သွင်းရန်၊ သို့မှသာ သက်ဆိုင်ရာအဖွဲ့အစည်းများ အနေဖြင့် အာဆီယံစီးပွားရေးညှိနှိုင်းမှုများအပေါ် တုံ့ပြန်မှုများ၊ ဖြည့်စွက်မှုများ ပြုလုပ်နိုင်မည်ဖြစ်ပါသည်။

## ဃ။ သုံးသပ်ချက် (Review)

၇၇။ ဒေသတွင်း စီးပွားရေး လျင်မြန်စွာ လုပ်ရှားပြောင်းလဲမှုနှင့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို ထည့်သွင်းစဉ်းစား၍ အာဆီယံစီးပွားရေးအသိုက်အဝန်း ပုံစံအားအခါအားလျော်စွာ ပြန်လည်သုံးသပ်ရန် လိုအပ်ပါသည်။

# Strategic Schedule for ASEAN Economic Community

| Strategic Approach | Priority Actions | | | |
|---|---|---|---|---|
| | 2008-2009 | 2010-2011 | 2012-2013 | 2014-2015 |
| A. Towards a Single Market and Production Base | | | | |
| **A1. Free Flows of Goods**<br>▪ Common Effective Preferential Tariffs-ASEAN Free Trade Area (CEPT-AFTA ) | ▪ Enhance CEPT Agreement (2008) | | | |
| ▪ Tariffs Reduction | ▪ Complete the tariff reduction schedule to 0-5% for all IL products for Laos and Myanmar (2008);[1] | ▪ Complete the tariff reduction schedule to 0-5% for all IL products for Cambodia (2010);[1] | | |
| ▪ Elimination of Tariffs | ▪ Integrate products outside the CEPT Scheme in accordance to the CEPT Agreement (2008);<br>▪ Eliminate import duties on 60% of all IL products except for those phased in from SL and HSL for Laos and Myanmar (2008);[2]<br>▪ Eliminate import duties on 80% of all IL products except for those phased in from SL and HSL for ASEAN 6 (2007); | ▪ Eliminate import duties on 60% of all IL products except for those phased in from SL and HSL for Cambodia (2010);<br>▪ Eliminate import duties on 80% of all IL products except for those phased in from SL and HSL for Viet Nam (2010);<br>▪ Eliminate tariffs on all products, except for those phased in from the SL and HSL, for ASEAN 6 (2010); | ▪ Eliminate import duties on 80% of all IL products except for those phased in from SL and HSL for Laos and Myanmar (2012); | ▪ Eliminate tariffs on all products, except for those phased in from the SL and HSL, for CLMV 2015 with flexibility on some sensitive Products up to 2018 |

[1] ASEAN-6 and Viet Nam have completed their tariff reduction schedule in 2003 and 2006 respectively

[2] ASEAN-6 and Viet Nam have reached their 60% tariff elimination in 2003 and 2006 respectively.

| Strategic Approach | Priority Actions | | | |
|---|---|---|---|---|
| | 2008-2009 | 2010-2011 | 2012-2013 | 2014-2015 |
| | | | | products up to 2018 |
| | ▪ Eliminate import duties on products in the PIS for ASEAN-6 (2007);<br><br>▪ Elimination of duties for 1st and 2nd tranche of ICT products for CLMV in accordance to the Framework Agreement on e-ASEAN (2008 for the 1st tranche ICT products and 2009 for the 2nd tranche ICT products);[3] | ▪ Elimination of duties for the 3rd tranche ICT products for CLMV in accordance to the Framework Agreement on e-ASEAN (2010);[3]<br><br>▪ Reduce tariffs on Sensitive List (SL) products to 0-5% for ASEAN-6 (2010);<br><br>▪ Complete the tariff reduction schedule for Highly Sensitive List (HSL) to the agreed end-rate | ▪ Eliminate import duties on products in the PIS for CLMV (2012);<br><br>▪ Reduce tariffs on Sensitive List (SL) products to 0-5% for Viet Nam (2013). In the case of sugar Viet Nam shall reduce the tariffs to 0-5% by 2010; | ▪ Complete phase in of the remaining products in the Sensitive List (SL) into the CEPT Scheme and reduce tariffs on these products to 0-5% ( 2015- Lao PDR and Myanmar; 2017-Cambodia) |
| ▪ Elimination of Non-Tariff Barriers | ▪ Abide by the commitment of a standstill and roll-back on NTBs, effective immediately;<br><br>▪ Enhance transparency by abiding to the Protocol on Notification Procedure and setting up an effective Surveillance Mechanism; | → | → | → |

3 ASEAN-6 has completed its tariff reduction for all ICT products in 2005

| Strategic Approach | Priority Actions | | | |
|---|---|---|---|---|
| | 2008-2009 | 2010-2011 | 2012-2013 | 2014-2015 |
| | | ▪ Eliminate NTBs for ASEAN 5 (2010) | ▪ Eliminate NTBs for the Philippines (2012) | ▪ Eliminate NTBs for CLMV (2015) with flexibility to 2018 for some sensitive products |
| ▪ Rules of Origin | ▪ Continuously reform and enhance the CEPT ROO to respond to changes in global production processes, including making necessary adjustments such as the introduction of advance rulings and improvements to the ROO (2007); | → | → | → |
| | ▪ Simplify the Operational Certification Procedures for the CEPT ROO and ensure its continuous enhancement, including the introduction of facilitative processes such as the electronic processing of certificates of origin, and harmonisation or alignment of national procedures to the extent possible (2007); and | → | → | → |
| | ▪ Review all the ROO implemented by ASEAN Member Countries, individually and collectively, and explore possible cumulation mechanisms, where possible. | → | → | → |

| Strategic Approach | Priority Actions | | | |
|---|---|---|---|---|
| | 2008-2009 | 2010-2011 | 2012-2013 | 2014-2015 |
| ▪ Trade Facilitation Work Programme | ▪ Finalisation of the Comprehensive Work Programme on Trade Facilitation<br>▪ Assessment of Trade Facilitation conditions in ASEAN<br>▪ Establish Regional Trade Facilitation mechanism<br>▪ Promote transparency and visibility of all actions and interventions by all stakeholders within international trade transactions.<br>▪ Establish ASEAN Trade Facilitation Repository<br>▪ ASEAN Criteria for authorised traders | ▪ Promote transparency and visibility of all actions and interventions by all stakeholders within international trade transactions.<br>▪ Simplify, harmonise and standardise trade and customs, processes, procedures and related information flows to move goods and associated services internationally from seller to buyer, and to pass payment in opposite direction | → | → |
| Customs Integration<br>▪ Strategic Plan of Customs Development | ▪ Integrate customs structures.<br>▪ Modernise customs techniques, guided by simple and harmonised customs procedures and formalities through the implementation of regional models of processing of cargoes and shipments (ASEAN Cargo Processing Model and ASEAN | → | → | |

| Strategic Approach | Priority Actions | | | |
|---|---|---|---|---|
| | 2008-2009 | 2010-2011 | 2012-2013 | 2014-2015 |
| | Customs Declaration Document in 2007) as committed. | | | |
| | ▪ Establish ASEAN Customs Transit system to facilitate movement of goods and means of transport. | → | | |
| | ▪ Establish ASEAN Customs systems dealing with special customs regimes such as Temporary Admission, Outward Processing and Inward Processing with the view to facilitate integration of production and supply chains. | → | | |
| | ▪ Modernise tariff classification, customs valuation and origin determination and establish ASEAN e-Customs. | → | | |
| | ▪ Adopt international standards and practices to secure a uniform system of tariff classification, a synchronised system of value assessment for customs purposes and a harmonised system of origin determination (origin conferring), and information exchange, where possible. | → | → | |
| | ▪ Smoothen customs clearance | → | → | |

| Strategic Approach | Priority Actions | | | |
|---|---|---|---|---|
| | 2008-2009 | 2010-2011 | 2012-2013 | 2014-2015 |
| | ▪ Strengthen human resources development.<br>▪ Implement ASEAN e-Customs.<br>▪ Promote mutual assistance for better customs efficiency and effectiveness. | →<br>→<br>→ | →<br>→<br>→ | →<br>→<br>→ |
| ▪ ASEAN Single Window | ▪ Brunei Darussalam, Indonesia, Malaysia, Philippines, Singapore and Thailand operationalise their National Single Windows by 2008.<br>▪ ASEAN-4 (Cambodia, Lao PDR, Myanmar and Viet Nam) operationalise their National Single Windows no later than 2012.<br>▪ Implementation of measures of simplifying, harmonising and standardising trade and customs, processes, procedures. | <br>→<br>→ | <br>→<br>→ | |

| Strategic Approach | Priority Actions | | | |
|---|---|---|---|---|
| | 2008-2009 | 2010-2011 | 2012-2013 | 2014-2015 |
| | ▪ Standardisation of data elements based on WCO data model, the WCO data set and United Nation Trade Data Elements Directory (UNTDED) and acceleration of introduction of information, communication and technology (ICT) for digitalised processing and exchange. | → | → | |
| | ▪ Application of ICT in all areas related to trade facilitation and customs management are paramount in the ultimate creation of an ASEAN Single Window. | → | → | |
| ▪ Standards and Conformance | ▪ Implement a Single Regulatory Scheme for Cosmetic | ▪ Monitor the implementation of the Single Regulatory Scheme for Cosmetics | → | → |
| | ▪ Continue to monitor the effective Implementation of the ASEAN Sectoral MRA on Electrical and Electronic Equipment (EEE) | → | ▪ The listed Conformity Assessment Bodies under the Sectoral MRAs will be utilised to implement the single regulatory regime for EEE ↓ | |
| | ▪ Prepare for the implementation of a single regulatory regime for electrical and electronic equipment | → | ▪ Implement a single regulatory regime for EEE | ▪ Monitor the implementation of the single regulatory regime for EEE |

| Strategic Approach | Priority Actions | | | |
|---|---|---|---|---|
| | 2008-2009 | 2010-2011 | 2012-2013 | 2014-2015 |
| | ▪ Implement the ASEAN Common Technical Dossiers (ACTD) for Pharmaceutical and Medical Device | ▪ Monitor the implementation of the ACTD. | → | → |
| | | ▪ Strengthen competency and confidence amongst regulatory authorities in evaluation process | → | → |
